မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၆၀)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

✻ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

✻ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်ဆွေးနွေး

လုပ်ငန်းများ အောင်မြင်ချောမွေ့အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြား

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၁

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်ဆွေးနွေးမှာကြားသည်။

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူ၊ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

စီမံဆောင်ရွက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို ၂၀၀၇ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ နောက်ဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပတော့မည်ဖြစ်ရာ အချိန်အားဖြင့် နီးကပ်လာနေပြီဖြစ်ကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၄ ●

မြန်မာ့အလင်း

ဆောင်းပါးနှင့် အားကစား အညွှန်း

နိုင်ငံတော်က ယုံကြည်စွာအားကိုးအားထားပြုရသည့် ထူးချွန်ထက်မြက်၍ ပညာရည်မြင့်မားသော လူချွန်လူမွန်များအဖြစ် ၂၁ ရာစု ပညာခေတ်၏ စိန်ခေါ်မှုကို အောင်မြင်စွာ အန်တုနိုင်ရန် သမိုင်းပေးတာဝန် ကျေပွန်စွာ လေ့ကျင့်ပျိုးထောင်ပေးရမည့် ပန်းပျိုးသူ၊ ပန်းစိုက်သမားတို့၏ လက်များသည် သင်တန်းအတွေ့အကြုံအရ ပြိမ်းချမ်းစွာ ပညာသင်ကြားရင်း ထာဝစဉ် သန့်ရှင်း၊ လုပ၊ စည်းစနစ်ရှိနေရမည်သာ။

မိမိရီ (အင်းစိန်) ၏ ဆောင်းပါး (စာ-၄)

ချယ်လ်ဆီး ခေါ်ယူမည့် တိုက်စစ်မှူး မက္ကာသီ

ကမ္ဘာတစ်လွှား အားကစား (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၂၂ ရက်)

မူးယစ်ဆေးဝါး ပပျောက်ရေး အရှိန်အဟုန်မြှင့် တိုက်ဖျက်

မူးယစ်ဆေးဝါးအန္တရာယ်သည် ကမ္ဘာ့လူသားအားလုံးကို အန္တရာယ်ပြုလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပြီး ဘိန်းစိုက်ပျိုးမှုပပျောက်ရေး ၁၅ နှစ် စီမံကိန်းကို ချမှတ်အကောင်အထည် ဖော်နေသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းကို တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ပူးပေါင်း၍ ဘိန်းခင်းများဖျက်ဆီးခြင်း၊ ဘိန်းနှင့်ဘိန်းဖြူရောင်းဝယ် သုံးစွဲသူများအား ဖမ်းဆီးတရားစွဲဆို၍ ပြစ်ဒဏ်များချမှတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများကို ရန်ကုန်မြို့၌ အကြိမ်(၂၀)မြောက်အထိ မီးရှို့ဖျက်ဆီးနိုင်ခဲ့သည်။

ထို့ပြင် မူးယစ်ဆေးဝါးထုတ်လုပ်မှုပပျောက်ရေး၊ သုံးစွဲမှုပပျောက်ရေးနှင့် တားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို တိုင်းရင်းသားပြည်သူများနှင့်အတူ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ ဒေသခွဲအတွင်းနိုင်ငံများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လက်တွဲ၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်။

ဘိန်းစိုက်ပျိုးရာ နယ်မြေများရှိ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝမြင့်မားလာရေးအတွက် ဘိန်းအစားထိုးသီးနှံများ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ ထူထောင်ပံ့ပိုးကူညီမှုကြောင့် ရှမ်းပြည်နယ်ရှိ မိုင်းလားနှင့် 'ဝ 'ဒေသတို့သည် ဘိန်းလုံးဝကင်းစင်သော ဒေသများအဖြစ် ကမ္ဘာသိ ကြေညာနိုင်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာ အကူအညီ အထောက်အပံ့ မရရှိခဲ့သော်လည်း ကိုယ့်အားကိုယ်ကိုးပြီး ကြိုးပမ်းလျက်ရှိရာ တိုင်းရင်းသား ပြည်သူများက အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါး အန္တရာယ်ကို အရှိန်အဟုန်မြှင့် တိုက်ဖျက်သွားနိုင်မည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်း မြို့နယ် မဥ္ဇူလမ်း ပါရမီရိပ်သာ အမှတ်(၁၉/စ)နေ ဗိုလ်မှူးကြီး ဗဟိန်း(ငြိမ်း)–ဒေါ်ချေးချေး၊ သားသမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၂၈၀၀၀ ကို ပိဋက နှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ ကေသရိန္ဒထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်

အသိပညာပေး ဟောပြောပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၂၁

ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့နံနက်ပိုင်းက ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းရှိ မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးသို့ရောက်ရှိရာ အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများက ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး၊ လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်နေမှု၊ မြို့နယ်အတွင်း ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

မှာကြား

ဒုတိယမြို့တော်ဝန်က သွေးလွန်တုပ်ကွေးရောဂါ ကင်းစင်မှုရှိစေရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝိုင်းဝန်းပူးပေါင်း၍ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းကို ထိရောက်စွာ ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လိုက်လံကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်အိမ်ရာ၌ ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ထုံးဖြူးခြင်း၊ ဆေးဖျန်းခြင်း၊ နေအိမ်များအတွင်း ဆေးငွေ့မှုတ်ခြင်း၊ ရေစည်၊ ရေကန်များအတွင်း ABADE ဆေးခတ်ခြင်း၊ လောက်လမ်းစားငါးများ ထည့်သွင်း မွေးမြူခြင်း၊ ဖုံး၊ သွန်၊လဲ၊စစ် စနစ်ကျင့်သုံးရေး ပညာပေးသရုပ်ပြခြင်း၊ ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင် အမှတ်(၁၀) အခြေခံပညာ မူလတန်းကျောင်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ ကျင်းပနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် စုပေါင်းဆောင်ရွက်ခြင်းကို မင်္ဂလာတောင်ညွန့်မြို့နယ်၊ သဃ်ာန်းကျွန်းမြို့နယ် ၊အင်းစိန်မြို့နယ်၊ အလုံမြို့နယ်၊ သာကေတမြို့နယ်တို့၌ ယမန်နေ့နံနက်ပိုင်းက တစ်ပြိုင်နက်တည်း ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယမြို့တော်ဝန်ဗိုလ်မှူးကြီးမောင်ပါ ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်အိမ်ရာ၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် တားဆီး နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး ရပ်ကွက်နေပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(မြို့တော်စည်ပင်)

မြဝတီ ရုပ်မြင်သံကြား

၂၂–၆–၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီး သီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅:၃၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၅ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၂။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပဲပေါင်မုန့်** (အပိုင်း–၄)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်း ရှစ်ကွက်** (အပိုင်း–၃၉)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၇ ခုနှစ် ဇွန်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)

(၂၄–၆–၂၀၀၇) ရက်နေ့

၂၀၀၇ ခုနှစ် ဇူလိုင်လအတွက်

(၈–၇–၂၀၀၇)ရက်နေ့

နှင့်

(၂၉–၇–၂၀၀၇)ရက်နေ့

ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေတည်ထောင်ခြင်း (၁၀)နှစ်ပြည့်အထိမ်းအမှတ် အရံစေတီတော်များ ရွှေထီးတော်တင်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ တည်ထောင်ခြင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် စကြာရှင်ဆယ့်တစ်မီးငြိမ်းစေတီတော်၊ အရံစေတီတော်နှင့် နဂါးရုံဘုရားများ ထီးတော်တင်မင်္ဂလာနှင့် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရအား သိက္ခာထပ်ကံဆင့်မင်္ဂလာ၊ ယဉ်ကျေးမှုထူးချွန်ဆုရရှိသူများနှင့် ပညာရည်ချွန်ဆုရရှိသူများအား ဆုချီးမြှင့်ပွဲ၊ တစ်ပါးထိုင်ကျောင်းဆောင်များ ရေစက်ချအခမ်းအနားကို ဇွန် ၁၇ ရက်က အဆိုပါသာသနာ့နယ်မြေ၌ ကျင်းပသည်။

စိုက်ပျိုး

ရှေးဦးစွာ ပန်းတစ်ပွင့်တောင်ဆရာတော်နှင့် ဒုတိယဗိုလ်မှူးကြီးအေးလွင်၊ အလှူရှင် ဦးတီတိုး၊ သီရိသုဓမ္မမဏိဇောတရေ ဦးမြင့်စိုးတို့က ပန်းတစ်ပွင့်တောင်ခြေတွင် ဇောမိပင်နှင့်အင်ကြင်းပင်တို့ကို စိုက်ပျိုးကြသည်။

တင်ပြလျှောက်ထား

ဆက်လက်၍ ပန်းတစ်ပွင့်တောင်သိမ်တော်တွင် ပန်းတစ်ပွင့်တောင်ဆရာတော်အား စုပေါင်း သိက္ခာထပ်ကာ ရွှေပေါက်ကံ့ စက်မှုဇုန် ဒုတိယဥက္ကဋ္ဌ ဦးကျော်လွင်- ဒေါ်သန်းသန်းတင် မိသားစုက ငွေကျပ် ငါးသိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၂၄၀ ကို ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံ ဆက်ကပ်လှူဒါန်း၍ **(အပေါ်ပုံ)** ပန်းတစ်ပွင့်တောင် ဝေယျာဝစ္စအဖွဲ့ ကိုယ်စား ဦးစိုးဝင်း (စဥ့်ကူစိုးဝင်း)က အလှူရှင်များအား ကျေးဇူးတင်စကားနှင့် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုအခြေအနေများကို တင်ပြလျှောက်ထားသည်။

ရေစက်ချ

ထို့နောက် ပန်းတစ်ပွင့်တောင်ဆရာတော်ထံမှ သြဝါဒ နာယူကာ အလှူရှင်များက ယဉ်ကျေးမှုသင်တန်းနှင့် အတန်းအသီးသီးတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဆုများ ချီးမြှင့်ကာ ရေစက်ချ တရားနာယူကြကြောင်း သတင်းရရှိသည်။ **(က-ပ)**

● ရှေ့ဖုံးမှ

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မိမိတို့စီမံခန့်ခွဲမှုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီအောက်ရှိ ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းဆိုင်ရာကဏ္ဍများအလိုက် ပြီးပြည့်စုံစွာ ဆောင်ရွက်နိုင်ရန် အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း၊ မိမိတို့ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် အဘက်ဘက်က အားနည်းချက်၊ ချို့ယွင်းချက်များမရှိအောင် ယခုကတည်းက ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

အဆင်ပြေချောမွေ့

ယခု နောက်ဆုံးအကြိမ် ကျင်းပမည့် အမျိုးသားညီလာခံသည် မိုးရာသီကာလဖြစ်၍ ကိုယ်စားလှယ်များ၏ တည်းခိုဆောင်များ မိုးလုံလေလုံမှုရှိစေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် ပုံမှန်လုပ်ငန်းများဖြစ်သည့် ဧည့်ခံကျွေးမွေးရေး၊ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သွားလာဆက်သွယ်ရေးတို့ကိုလည်း အဆင်ပြေချောမွေ့စေရန် စီစဉ်ဆောင်ရွက်ထားရှိကြစေလိုကြောင်း။

စီမံခန့်ခွဲမှုကော်မတီ အနေဖြင့် အဘက်ဘက်က အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန် ဆပ်ကော်မတီအသီးသီးကို ကဏ္ဍအလိုက် တာဝန်ပေးအပ်ထားပြီးဖြစ်ရာ ကော်မတီ၏ လုပ်ငန်းတာဝန်များ အောင်မြင်ချောမွေ့ အဆင်ပြေစေရန် မိမိတို့အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ဆပ်ကော်မတီအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှဥက္ကဋ္ဌများနှင့်အတွင်းရေးမှူးများက မိမိတို့ဆပ်ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက မိမိတို့ ဌာနဆိုင်ရာများအနေဖြင့် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ညှိနှိုင်းဆွေးနွေး

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဝင်များက ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

အပြီးသတ်

ထို့နောက် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က တင်ပြဆွေးနွေးချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး စီမံခန့်ခွဲမှုအပိုင်းမှ ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စအားလုံးကို ဇူလိုင် ၁၃ ရက် နောက်ဆုံးထား၍ အပြီးသတ်ဆောင်ရွက်သွားကြရေး မှာကြားသည်။ **(သတင်းစဉ်)**

ဟံသာဝတီအသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၁

ဟံသာဝတီအသင်း၏ (၁၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ၄၅ လမ်း အမှတ် ၁၈၄/၁၈၆ ရှိ အသင်းတိုက်၌ ဇူလိုင် ၁ ရက် နံနက် ၈ နာရီ၌ ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီမြို့တွင် (၁၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများနှင့် အသင်းမဝင်ရသေးသော ဟံသာဝတီသူ ဟံသာဝတီသားများ ကြွရောက်ကြည်ညို လှူဒါန်းကြရန်နှင့် ကြိုတင်လှူဒါန်းလိုသူများသည် ဦးမျိုးဆွေ ဖုန်း-၅၈၄၇၃၄၊ ဦးတင်ရိုန် ဖုန်း-၅၂၇၃၆၁၊ ဦးသန်းဦး ဖုန်း-၂၅၃၁၁၀၊ ဦးလှကြည် ဖုန်း-၅၃၄၅၄၈နှင့် ဒေါ်ညွှန့်ညွှန့် ဖုန်း-၂၄၅၃၉၅ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၉ ခုနှစ် ပထမဝါဆိုလဆန်း ၈ ရက် (ဥပုသ်နေ့)

၂၂-၆-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၀၀ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ ကြေးမုံရိပ်သွင်တေးနယဉ်
- ၈:၂၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
- ၁၇:၁၀ ၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၁၇:၂၀ ၇။ **"မပြောမပြီး မတီးမမြည်"** နေရဲလင်း၊ မောင်မောင်မြင့်၊ ရှင်ဖုန်းအိမ့်ချယ်၊ ဖိုးဇော်၊ ခိုင်ဆုသွယ် (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၇:၃၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၅ ၉။ **အမျိုးသမီးများပြဿနာ အဖြေရှာ** ကျော်သူ၊ မေသဥ္ဇာဦး၊ စိုးမိုးကြည် (ဒါရိုက်တာ-မောင်မျိုးမင်း)
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၂၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၂၅ ၁၂။ သုတစုံလင်ရွှေဥဒေါင်းရှင်
- ၁၉:၀၀ ၁၃။ ဂုဏ်ရည်မြင့်မားစွမ်းဆောင်ရှင် မြန်မာအမျိုးသမီးများ
- ၁၉:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရွှေရောင်သန်းသော အသည်းနှလုံး"** (အပိုင်း-၁၃)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ကံကြမ္မာနတ်သမီး"** (အပိုင်း-၁၄)
- ၁၉။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်းတရားတော်

နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်းများရရှိနေ ဝန်ထမ်းများ ထိရောက်ထက်မြက်သည့်စွမ်းဆောင်ချက်ဖြင့် ဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ကျင်းပရာ ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက် အမှာစကားပြောကြားသည်။ (အောက်ပုံ)

တက်ရောက်

အခမ်းအနားသို့ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်၊ တိုင်း အခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်း မန်နေဂျာများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဆောင်ရွက်

ရှေးဦးစွာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ် ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများ၊ အစီအမံများကို တင်ပြဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေး ရည်မှန်းချက်များကို အထောက်အကူပြုစေမည့် ဘဏ္ဍာရေးနှင့်အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များ၊ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် စီမံချက်များ၊ နည်းလမ်းများ ချမှတ်ကာ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တွင် စီးပွားရေးဖွံ့ဖြိုးမှုအရှိန်အဟုန်ကောင်း ရရှိနေပြီဖြစ်သဖြင့် ဝန်ထမ်းအဆင့်အတန်း အားလုံးသည် သန့်စင်မှန်ကန်သည့် ခံယူချက်၊ ထိရောက်ထက်မြက်သည့် စွမ်းဆောင်ချက်၊ ချိုသာပြေပြစ်သော ပြောဆိုဆက်ဆံမှုများဖြင့် နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် အပြည့်အဝ ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဘဏ္ဍာရေးနှင့် အခွန်ဆိုင်ရာ လုပ်ငန်းတာဝန်များကို ဝန်ထမ်းများအားလုံးက စိတ်စေတနာကောင်းဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများအတိုင်း တိကျမှန်ကန်စွာ၊ ရိုးဖြောင့်စွာ အလေးအနက်ထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း အကျယ်တဝင့် ပြောကြားသွားသည်။

ဖြည့်စွက်မှာကြား

ထို့နောက် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပင်စင်ဦးစီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံးတို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များက ဘဏ္ဍာနှစ်အတွင်း ဌာနအလိုက် ရည်မှန်းချက်များအပေါ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ သုံးသပ်တင်ပြကြသည်။ အဆိုပါ သုံးသပ်ချက်များအပေါ် ဝန်ကြီးက ဦးစီးဌာန၊ လုပ်ငန်းဌာနများ၏ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုထိရောက်ထက်မြက်စေရန် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ်မှ အထွေထွေမန်နေဂျာများက ဌာနခွဲအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရေး အကျယ်တဝင့်မှာကြားခဲ့သည်။ ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်၊ တိုင်း မန်နေဂျာများက ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းဆိုင်ရာ သုံးသပ်ချက်စာတမ်းများနှင့် ဆက်သွယ်ရေးကွန်ရက် ထိရောက်စွာ အသုံးချရေးစာတမ်းများကို အသီးသီး ဖတ်ကြားတင်ပြရာ ဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ပြည်နယ်၊ တိုင်း မန်နေဂျာများ၏ ဆောင်ရွက်ချက်များဆိုင်ရာ သုံးသပ်ချက်များကို စုစည်းပြီး ဘဏ်လုပ်ငန်းဆောင်ရွက်မှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းများ ပြုစုတင်ပြရန် ညွှန်ကြားခဲ့ပြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပထမနေ့အစီအစဉ်ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရသေ့တောင် မြို့နယ်သူ မြို့နယ်သားများ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၁

ရန်ကုန်မြို့ရောက် ရသေ့တောင်မြို့နယ်သူမြို့နယ်သားများသည် ရန်ကုန်မြို့ရှိ ရသေ့တောင်မြို့နယ်ဖွား ကျောင်းထိုင် သံဃာ ၁၉ ပါးတို့အား ဒုတိယအကြိမ်အဖြစ် ဝါဆိုသင်္ကန်းကပ်လှူပြီး စာအောင်သံဃာတော်များအား ပူဇော်ခြင်း၊ သက်ကြီးများအား ပူဇော်ခြင်း၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားများအား ချီးမြှင့်ခြင်းနှင့် ဆုတံဆိပ်ချီးမြှင့်ခြင်းခံရသည့် ပုဂ္ဂိုလ်များအား ဂုဏ်ပြုခြင်းတို့ကို ဝါဆိုလဆန်း ၁ ရက် (ဇူလိုင် ၁၅ ရက်) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ အလိုတော်ပြည့်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ထူးချွန်ကျောင်းသားစာရင်း၊ သက်ကြီးများစာရင်းတို့ကို ဒေါက်တာဦးထွန်းဝေ ဖုန်း-၅၇၀၁၆၅၊ ဦးစံလှမောင် ဖုန်း-၅၄၁၅၃၅ နှင့် ဦးလှထွီးအောင် ဖုန်း-၅၂၆၁၉၈ တို့သို့ဆက်သွယ်စာရင်းပေးပို့နိုင်ကြသည်။ စာအောင် သံဃာတော်များသည် သာကေတ မင်္ဂလာသီရိကျောင်းဆရာတော်ထံတွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အခြေခံပညာ အလယ်တန်းပြဆရာများ သင်ကြားရေးမွမ်းမံသင်တန်း

မိမိရီ(အင်းစိန်)

ယခုနှစ် နွေရာသီကျောင်းပိတ်ရက်မှာ ကျွန်မအဖို့ ထူးခြားလှပါသည်။ ကျောင်းတွင် အတန်းတင်စာမေးပွဲပြီး၍ အမှတ်ခြစ်ပြီးသည်နှင့် သကြိန်ရက်များသာ အနားယူလိုက်ရပြီး မေလဆန်းသည်နှင့် အဖြူအစိမ်း မချွတ်တမ်း ပြန်ဝတ်ရပါသည်။ မေ ၃ ရက်မှ မေ ၂၉ ရက်အထိ ခရိုင်ရုံးစိုက်ရာ အင်းစိန်မြို့နယ်၊ အောင်ဆန်းအထက(၃)၌ ဖွင့်လှစ်သော အခြေခံပညာ အလယ်တန်းပြဆရာများ သင်ကြားရေး မွမ်းမံသင်တန်းကျောင်းသို့ ကျွန်မတို့ကျောင်းမှ ဆရာ၊ ဆရာမ ခြောက်ဦးအနက် တစ်ဦးအပါအဝင် တက်ရောက်ခွင့် ရခဲ့ပါသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်မှ သင်တန်းသားဆရာ၊ ဆရာမများ ၇၇၉ဦး တက်ရောက်ခဲ့ပါသည်။ တိုင်းရင်းသားပေါင်းစုံ တွေ့ဆုံရ၍ ပြည်ထောင်စုစိတ်ဓာတ် တိုးပွားရင့်သန်လာရင်း တစ်ဦးနှင့်တစ်ဦး ညီအစ်ကို၊ ညီအစ်မ အရင်းအချာများသဖွယ် အပြန်အလှန် စောင့်ရှောက်မှုများကို မြင်တွေ့ရသည်မှာ စိတ်ကြည်နူးဖွယ် ဖြစ်ရပါသည်။

ယနေ့နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး ဆိုသည့် ပညာရေးဆိုင်ရာ အမျိုးသားရေး မျှော်မှန်းချက်ချမှတ်ပြီး ပညာရေး ပြုပြင်ပြောင်းလဲမှုများကို ခေတ်စနစ်နှင့်လျော်ညီစွာ စနစ်တကျ စီမံကိန်းများ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းသည် ကျွန်မတို့ ပညာရေးဝန်ထမ်းများအား မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ဆရာများ မွမ်းမံဆင့်ပွားသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြင့် သိသာပေါ်လွင်နေပြီ ဖြစ်ပါသည်။

ဤကဲ့သို့ ကျွန်မတို့ သင်ကြားရေး မွမ်းမံရေးသင်တန်းများ ဖွင့်လှစ်နိုင်ခြင်းမှာ နိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ခရိုင်ပညာရေးမှူးနှင့် ဗဟိုအဆင့်တွင် တက်ရောက်သင်ယူထားပြီး ဆင့်ပွားလေ့ကျင့် သင်ကြားပေးကြသော ဆရာ၊ ဆရာမများ၏ ကြိုးပမ်းအားထုတ်မှုကြောင့်ဆိုလျှင် မှားမည်မဟုတ်ပါ။ ကျွန်မတို့ သင်တန်းသား ဆရာ၊ ဆရာမများအား ခရိုင်ပညာရေးမှူး ဆရာကြီး ဦးမျိုးဆွေနှင့် သင်တန်းမှူးဆရာကြီး ဦးတင်မောင်အေး အပါအဝင် သင်ကြားပေးသူ နည်းပြဆရာ၊ ဆရာမ ကိုးဦး ရှိပါသည်။ ဆရာများသည်လည်း အားလပ်ချိန်မရှိ သင်ကြားပေးရပြီး ရက်သတ္တတစ်ပတ်လျှင် ခြောက်ရက်၊ ထမင်းစားချိန် တစ်နာရီခွင့်ပေးသည်မှအပ နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီ မိနစ် ၂၀ အထိ သင်ကြားပို့ချကြသည်။

အဓိကဘာသာရပ်များနှင့် တွဲဖက်သင်ရိုး ဘာသာရပ်တစ်ခုစီယူကြ၍ ဂီတခန်းကလည်း တီးကြ၊ မှုတ်ကြ၊ တိုက်ကြီးမြို့နယ်၊ ဘောလယ် အလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးလှသိန်းဦးဆောင်ပြီး အဖွဲ့လိုက်ကကြ၊ ပန်းချီဘာသာတွဲဆရာများကလည်း အေးဆေးငြိမ်သက်စွာ ပန်းချီဆွဲကြ၊ သင်တန်းကျောင်းရှေ့ မြက်ခင်းပြင်တွင်လည်း ကာယတွဲယူထားသည့် ဆရာ၊ ဆရာမများက ကာယလေ့ကျင့်ခန်းပြုလုပ်ကြ၊ စက်မှုလက်မှု အခန်းတွင်လည်း ခြင်းလုံး၊ ဘောလုံးများနှင့် အခြားတီထွင်မှုဆိုင်ရာ ပစ္စည်းများပြုလုပ်ကြ၊ စိုက်ပျိုးရေးယူသူ ဆရာ၊ ဆရာမများကလည်း မြေပေါင်တူးကြ၊ သစ်ပင်စိုက်ပျိုးကြ၊ အိမ်တွင်းမှုဘာသာတွဲယူသူ ဆရာ၊ ဆရာမများကလည်း အချုပ်အလုပ်၊ ဇာထိုးပန်းထိုးပြုလုပ်ကြနှင့် အားလုံး၏ မျက်နှာ ရွှင်လန်းတက်ကြွနေပါသည်။ မိမိယူထားသော တွဲဖက်ဘာသာ အပေါ်၌ စိတ်ဝင်စားစွာ ပြုလုပ်လေ့ကျင့်နေကြပါသည်။

မွန်းလွဲ ၁ နာရီတွင် ကျွန်မတို့ကျောင်းခန်းမထဲသို့ နေရာယူကြပြီး ဆရာကြီး ဦးမျိုးဆွေနှင့် သင်တန်းမှူးဆရာကြီး ဦးတင်မောင်အေးတို့၏ ပညာရည်မြင့်မားရေးစီမံကိန်းဆိုင်ရာ လုပ်ငန်းတာဝန်များနှင့် ပညာရေး သဘောတရားများ၊ ဆရာမ ဒေါ်ခင်မာအေး၏ ပညာရေးစိတ်ပညာ ဘာသာရပ်များ သင်ကြားဟောပြောမှုကို နာယူမှတ်သားရပါသည်။ ကျွန်မတို့ သင်တန်းသူများသည် ဆရာမဒေါ်ခင်မာအေး အချိန်တွင် တစ်ယောက်တစ်လှည့်စီထွက်၍ ဆွေးနွေးကြရပါသည်။

အင်းစိန် အထက(၅)မှ ဆရာမ ဒေါ်စန်းမြင့်က ဆွေးနွေးရာတွင် ကျောင်းသူလေးတစ်ဦးသည် မိဘစီးပွားရေးအခက်အခဲကြောင့် ရှစ်တန်းတွင် ကျောင်းခေတ္တရပ်လိုက်ရကြောင်း၊ သို့သော် သူမစိတ်ထဲတွင် ရှစ်တန်းမှာတင် မရပ်ဘဲ တစ်သက်လုံး အဖြူအစိမ်းဝတ်ရသည့် ကျောင်းဆရာမဘဝ ဖြစ်နိုင်အောင် ကြိုးစားမည်ဟု ကြုံးဝါးခဲ့၍ သူငယ်ချင်းတစ်စု၏ လှောင်ပြောင်မှုများကိုလည်း ခံခဲ့ရကြောင်း၊ သို့သော် ဆရာမများ၏အားပေးမှု၊ အားလပ်ချိန်တွင် အလကားမနေဘဲ စာပေလေ့လာလိုက်စားမှုတို့ကြောင့် ဆရာဇော်ဂျီ၏ (ဗေဒါလမ်း) ကဗျာလေး ဖတ်မိရာက မိသားစု စားဝတ်နေရေးအတွက် ပန်းရောင်းနေရသော်လည်း မလျှော့သောဇွဲ၊ လုံ့လ၊ ဝီရိယ စိုက်ထုတ်ကြိုးစားလိုက်သောအခါ တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့ပြီး ဘွဲ့ရရှိကာ ယခုဆိုလျှင် ထိုအဖြူအစိမ်း အမြဲဝတ်လိုသော ကျောင်းသူလေးသည် အလယ်တန်းပြ ကျောင်းဆရာမလေးတစ်ဦးပင် ဖြစ်နေပြီဖြစ်ကြောင်း ပြောပြရာ ကျွန်မတို့အားလုံး လွန်စွာ စိတ်ဝင်စားသွားပါသည်။

လောကခံကို ကြံ့ကြံ့ခံကာ မဆုတ်မနစ်ကြိုးပမ်းခဲ့သော အဆိုပါ ကျောင်းဆရာမကို စိတ်ဝင်စားနေစဉ်မှာပင် ယင်းကျောင်းသူလေးမှာ သူမပင်ဖြစ်ပါကြောင်း ပြောလိုက်သောအခါ ခန်းမတစ်ခုလုံးလက်ခုပ်သံများ ဝေလျှံထွက်သွားပါသည်။ ဆရာမသည် ဘဝ၏အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း ရုန်းကန်လှုပ်ရှားမှုများကို ပြောပြချိန်၌ ပင့်သက်ရှူဖို့ပင် မေ့နေကြသည့် သင်တန်းသားများသည် နောက်ဆုံး၌ "သူပါပဲ"ဟု ပြောလိုက်သောအခါ အားလုံးမှာ ဝမ်းနည်းဝမ်းသာ ပီတိမျက်ရည် ဖြာရပါတော့သည်။ ဆရာမ၏အားမာန်၊ ဆရာမ၏စေတနာသည် နှယ်နှယ်ရရ မဟုတ်ပါ။ သာမန်ဆရာများ မလုပ်နိုင်သည့် မိမိကိုယ်ပိုင် ငွေကြေး စိုက်ထုတ်ပြီး ချို့တဲ့ကလေးများအား ယခုအခါ ပညာဒါနပြုနေသည့် ပညာဒါနကျောင်း နှစ်ကျောင်းပင် ဖွင့်လှစ်နိုင်ပြီဖြစ်သော စေတနာရှင်၊ မေတ္တာရှင်ဆရာမဖြစ်နေ၍လည်း ပို၍ဝမ်းသာပီတိ ဖြစ်မိပါသည်။

ကျွန်မလည်း ခေါင်းစဉ်ကြီး သုံးခုဖြင့် သုံးကြိမ်တိုင်အောင် ပါဝင်ဆွေးနွေးခဲ့ရာ **"လူတိုင်းအတွက် အကျိုးဝင်ပညာရေး"**ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုသည် သင်တန်းများအပေါ် အတော်လေး ထိရောက်ခဲ့ပါသည်။ အဘယ့်ကြောင့်ဆိုသော် နိုင်ငံသားတိုင်း အခြေခံပညာတတ်မြောက်ရေးနှင့် ပတ်သက်ပြီး လူတိုင်းအတွက် ပညာရေးစီမံကိန်း (Education for all project)ကြီးကို အကောင်အထည်ဖော်ရာ၌ ပညာရေး၏ လက်ရုံးနှစ်ဖက်ဖြစ်သော ကျောင်းတွင်းပညာရေးနှင့် ကျောင်းပြင်ပ လုပ်ငန်းများကို ချိတ်ဆက်မိပြီး ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးနှင့် ကျောင်းနေအရွယ်လွန် နိုင်ငံသားတိုင်းလည်း သက်ကြီးစာတတ်မြောက်ရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ခဲ့၍ မြန်မာနိုင်ငံတွင် ရာနှုန်းပြည့်နီးပါး စာတတ်မြောက်လာခဲ့ပြီ ဖြစ်ပါကြောင်း။

တရားဥပဒေ ချိုးဖောက်၍ နိုင်ငံတော်မှချမှတ်သည့် ပြစ်ဒဏ်ကျခံနေရသူများသော်မှ စာမတတ်သူများအား အကျဉ်းထောင်အတွင်းမှာပင် စာသင်ကြားနေပြီ ဖြစ်ကြောင်း၊ ပညာမတတ်၍ ဉာဏ်ပညာဗဟုသုတ နည်းပါးခြင်းကြောင့် ဆင်ခြင်တုံတရားမရှိဘဲ ဥပဒေချိုးဖောက် ပြစ်မှုကျူးလွန်ခြင်း မရှိအောင်၊ နည်းပါးအောင်၊ ပြုပြင်နိုင်အောင် ရည်ရွယ်၍၊ တစ်နည်းပြောရလျှင် အကျဉ်းကျသူများသည်လည်း မိမိတို့နိုင်ငံသားများပင်ဖြစ်၍ ပညာရေးသည် လူတိုင်းအတွက် အကျိုးဝင်ကြောင်းကို သက်သေပြလို၍ သင်ကြားရခြင်းပင်ဖြစ်ကြောင်း၊ ပြစ်ဒဏ်ကျခံရသူမိခင်များမှာ ထောင်တွင်းမှာပင် မွေးဖွားလာသော ကလေးများကိုလည်း ငါးနှစ်ပြည့်သည်နှင့် အကျဉ်းထောင်အတွင်းမှာပင် အဖြူအစိမ်း တူညီဝတ်စုံများဖြင့် စာသင်ပေးကြကြောင်း ဆွေးနွေးတင်ပြခဲ့သဖြင့် သင်တန်းသားဆရာများ၏ မျက်နှာပြင်များပေါ်မှ အံ့သြဝမ်းသာ ကျေနပ်အပြုံးများကို မြင်တွေ့လိုက်ရပါသည်။

ဆင်းရဲနွမ်းပါး၍ ပညာသင်ချင်ပါလျက် မသင်လိုက်ကြသူများ မဖြစ်ရလေအောင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညာသာရ၏ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဖွင့်လှစ်ထားပြီး ပညာသင်ကြားမှုကိုလည်း သင်တန်းသားများအား ပြောပြခွင့်ရခဲ့ပါသည်။

ဆရာမ ဒေါ်အိအိလွင်၊ ဒေါ်လဲ့လဲ့ဆွေ၊ ဒေါ်ဥမ္မာဦးတို့၏ ဆွေးနွေးမှုများသည်လည်း အတွေ့အကြုံသစ်၊ ဗဟုသုတသစ်တို့ကို ရရှိစေသည်။ ပညာသင်စဉ် လေ့လော်ရင်း တက်ကျိုးသူများ မဖြစ်ရလေအောင် ဆရာတို့၏ စေတနာထား ဆုံးမပဲ့ပြင်ထိန်းကျောင်းမှုများ၊ ဆရာဆိုသည်မှာ ပညာသင်ပေးရုံမက ဘဝလမ်းကြောင်း တိမ်းစောင်းသွားလျှင်လည်း ပြန်လည်တည့်မတ်ပေးနိုင်စွမ်းရှိသည့် အရည်အချင်း ပြည့်ဝသော ဆရာများအဖြစ်နှင့် တပည့်တို့အပေါ် လက်မတင်လေး ကယ်တင်နိုင်ခဲ့ပုံများ စသည်တို့ကိုလည်း သည်းထိတ်ရင်ဖိုစွာ နားထောင်ခဲ့ရသည်။

လူတိုင်းအတွက် ပညာရေးအစီအစဉ်သည် တစ်နှစ်ထက်တစ်နှစ် တိုးတက်မြင့်မားအောင် ဆောင်ရွက်နိုင်ခဲ့ပြီး နှစ် ၃၀ နှစ်ရှည်ပညာရေး စီမံကိန်းလုပ်ငန်းစဉ်များ၌ နိုင်ငံသားတိုင်းအခြေခံပညာ အဆင့်အလိုက် သင်ယူအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရေးအတွက် ၁၉၉၉-၂၀၀၀ ပြည့်နှစ်မှစတင်ကာ မေလနောက်ဆုံးပတ်တိုင်း နှစ်စဉ်ကျောင်းအပ်နိုင်ရေး လုပ်ငန်းစဉ် ချမှတ် ဆောင်ရွက်ခဲ့ပါသည်။ ထိုစီမံချက်တွင် အဓိကပါဝင်လှုပ်ရှားသူများ ဖြစ်ကြသော ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပညာရေးဝန်ထမ်းများ၊ NGO ကျောင်းအကျိုးဆောင်အဖွဲ့၊ ပညာရေးကိုစိတ်ဝင်စားသော စေတနာရှင်ပြည်သူများ စသည်ဖြင့် အမျိုးသားရေးအင်အားစုများ၏ ကူညီပံ့ပိုးမှုအခန်းကဏ္ဍသည် အရေးပါ အရာရောက်လှပေသည်။

ကျောင်းသူ၊ ကျောင်းသားများ အဆင်ပြေချောမွေ့အေးချမ်းစွာ ကျောင်းနေနိုင်ရေးအတွက် ရပ်ကွက်၊ ကျေးရွာငါးခုလျှင် အနည်းဆုံး အခြေခံပညာ ကျောင်းသုံးကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ကျောင်းများတွင် သင်ကြားပေးသောဆရာသည် မိမိကိုယ်ကို ပဲ့ကိုင်သူ ကလေးများ၏ သင်ယူမှုအား ကူညီဖန်တီးပေးသူအဖြစ်သာ သဘောထားရမည်ဖြစ်ပြီး သင်ယူသူကလေးများအနေဖြင့်လည်း ဆရာ၏ ကလေးဗဟိုပြု ချဉ်းကပ်နည်းဖြင့် သင်ကြားခြင်းခံရ၍ ကိုယ်တိုင် စူးစမ်းလေ့လာလိုစိတ်၊ တီထွင်ဖန်တီးလိုစိတ်သာမက လက်တွေ့ဘဝတွင် အသုံးချနိုင်မှုတို့ကိုပါ အကျိုးများ ရရှိစေပါသည်။

အကြောင်းအရာ၊ ဘာသာရပ်၊ အချက်အလက်များကို သင်ယူလေ့လာခြင်းသာမက သင်ယူသူတွင် အပြုအမူ တိုးတက်ပြောင်းလဲလာမှုအား သင်ယူခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုပါလျှင် ကျွန်မတို့တက်ရောက်ခဲ့သော အခြေခံပညာအလယ်တန်းပြဆရာများ သင်ကြားရေးမွမ်းမံသင်တန်း အင်းစိန်မြို့နယ် ၂၀၀၇ သည် သင်ယူပြီးမြောက်မှုနှုန်း ရာနှုန်းပြည့် အောင်မြင်သည်ဟု ဆိုရပါမည်။ မေ ၂၈ရက်နေ့တွင် စာမေးပွဲဖြေဆိုကြရပြီး မေ ၂၉ ရက်နေ့တွင် သင်တန်းဆင်းပွဲကို ကျင်းပရာ ခရိုင်ပညာရေးမှူး ဆရာကြီး ဦးမျိုးဆွေက သင်တန်းဆင်းဆရာ၊ ဆရာမများအား မှာကြားချက်များသည်လည်း လွန်စွာတန်ဖိုးထား လိုက်နာစရာကောင်းလှပါသည်။

ပညာရေးဝန်ထမ်း ကျွန်မတို့သည် ကျောင်းသူ၊ ကျောင်းသား ကလေးငယ်များအတွက် ပညာသင်ယူမှု အခွင့်အလမ်းများ တိုးတက်ဖြစ်ထွန်းနေသည့် အချိန်အခါကောင်းတွင် မျိုးဆက်သစ်လူငယ်များကို နိုင်ငံတော်က ယုံကြည်စွာ အားကိုးအားထားပြုရသည့် ထူးချွန်ထက်မြက်၍ ပညာရည်မြင့်မားသော လူချွန်လူမွန်များအဖြစ် ၂၁ ရာစု ပညာခေတ်၏ စိန်ခေါ်မှုကို အောင်မြင်စွာ အန်တုနိုင်ရန် သမိုင်းပေးတာဝန်ကျေပွန်စွာ လေ့ကျင့်ပျိုးထောင်ပေးရမည့် ပန်းပျိုးသူ၊ ပန်းစိုက်သမားတို့၏ လက်များသည် သင်တန်းအတွေ့အကြုံအရ ငြိမ်းချမ်းစွာ ပညာသင်ကြားရင်း ထာဝစဉ် သန့်ရှင်း၊ လှပ၊ စည်းစနစ်ရှိနေရမည်သာ ဖြစ်ပါတော့သည်။ ။

ကျောင်းများတွင် သင်ကြားပေးသောဆရာသည် မိမိကိုယ်ကို ပဲ့ကိုင်သူ၊ ကလေးများ၏ သင်ယူမှုအား ကူညီဖန်တီးပေးသူအဖြစ်သာ သဘောထားရမည် ဖြစ်ပြီး သင်ယူသူ ကလေးများအနေဖြင့်လည်း ဆရာ၏ ကလေးဗဟိုပြု ချဉ်းကပ်နည်းဖြင့် သင်ကြားခြင်းခံရ၍ ကိုယ်တိုင်စူးစမ်း လေ့လာလိုစိတ်၊ တီထွင်ဖန်တီး လိုစိတ်သာမက လက်တွေ့ဘဝတွင် အသုံးချမှုတို့ကိုပါ အကျိုးများရရှိစေပါသည်။

မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အလေးထား သန့်ရှင်းသော သွေးကောင်းသွေးသန့်ရရှိရေး သွေးလှူရှင်အဖွဲ့ထားရှိ

ခုခံအားကျ၊ တီဘီနှင့် ငှက်ဖျားရောဂါများ အမျိုးသားရေးအသွင်ဖြင့်တိုက်ဖျက်

နေပြည်တော် ဇွန် ၂၁

အမျိုးသား ကျန်းမာရေးကော်မတီ အတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁၂ ရက်က အသစ်ဆောက်လုပ်ပြီးစီးနေသော တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေး ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံ၏ သားဖွားဆောင်၊ သားဖွားခန်း၊ ခွဲစိတ်ခန်း၊ အထူးကြပ်မတ်ကုသဆောင်နှင့် မူလဆေးရုံ၏ ကလေးကုသဆောင်၊ မွေးကင်းစလူနာခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

မှာကြား

ထို့နောက် ဆေးရုံ အစည်းအဝေးခန်းမ၌ တောင်ကြီးမြို့ အမျိုးသမီးနှင့်ကလေးဆေးရုံ၊ တောင်ကြီး စဝ်စံထွန်းဆေးရုံကြီးတို့မှ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံပြီး ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုသရေးသည် ဆေးရုံများနှင့် အဓိကသက်ဆိုင်ကြောင်း၊ လူနာများအား ကုသမှုပေးရာတွင် အရည်အသွေးမြင့်မားရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဆရာဝန်များ လိုက်နာဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လူနာများနှင့် ချောမွေ့စွာ ဆက်သွယ်ကုသရေး၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့် ရည်ရွယ်ချက်များ၊ တာဝန်ခံပုဂ္ဂိုလ်၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ အရည်အချင်းနှင့် အရည်အသွေး ထိန်းသိမ်းမြှင့်တင်ရေး ဆိုင်ရာများ၊ ပုဂ္ဂလိကဆေးရုံ အင်္ဂါရပ်များ စသည်တို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တောင်ကြီးစဝ်စံထွန်းဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံ၏ ဓာတ်မှန်ခန်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးဌာန၊ ဓာတ်ခွဲခန်း၊ သွေးလှူဘဏ်၊ လူနာဆောင်များ၊ အထူးကြပ်မတ် ကုသဆောင်၊ ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဝန်ကြီးသည် တောင်ကြီးမြို့နယ် ကျန်းမာရေးဦးစီးဌာနသို့ ရောက်ရှိ၍ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

အမျိုးသားရေးအသွင်ဖြင့်တိုက်ဖျက်

ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာ၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးအခြေခံ ထောင်စုနှစ် ရည်မှန်းချက်များကို အခြေပြု၍ ကျန်းမာရေးကော်မတီ အဆင့်ဆင့်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် ကျေးလက်ဒေသများကို အာရုံစိုက်ရန် လိုကြောင်း၊ ကိုယ်ဝန်ဆောင် မိခင်တိုင်းသည် ကျွမ်းကျင်သော ကျန်းမာရေး စောင့်ရှောက်သူနှင့်သာ ရာနှုန်းပြည့် စောင့်ရှောက်မှု ခံယူရန် အရေးကြီးကြောင်း၊ ရပ်ရွာအတွင်းရှိ အိမ်တိုင်းတွင် ယင်လုံအိမ်သာ အသုံးပြုရေးနှင့် ရွာတိုင်းတွင် သန့်ရှင်းသော သောက်ရေ ရရှိရေးအတွက် စက်ရေတွင်း (အဝီစိတွင်း)အနည်းဆုံး တစ်တွင်းရှိရန်လိုကြောင်း၊ သန့်ရှင်းသော သွေးကောင်းသွေးသန့် ရရှိစေရေးအတွက် သွေးလှူရှင်အဖွဲ့ထားရှိ၍ စနစ်တကျ စစ်ဆေးဆောင်ရွက်ရန် လိုကြောင်းနှင့် ဆင်းရဲမှုကို ပိုမိုနက်ရှိုင်းစေသည့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ၊ တီဘီရောဂါနှင့် ငှက်ဖျားရောဂါများကို အမျိုးသားရေး အသွင်ဖြင့် တိုက်ဖျက်ရန် လိုကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေးဗိမာန်တော်ကြီး) အတွက် ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် မော်တင်လမ်း အမှတ် ၉၄ (ဒုတိယထပ်)နေ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးကျင်ပြုံး၊ ဒေါ်စန်းစန်းမြင့် မိသားစုတို့က ကျောင်းအလှူငွေကျပ် တစ်သိန်းကို လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင် ဒေါ်ကေသက်မော်က အလှူငွေလက်ခံပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အောင်မင်းခေါင် ဘုရားလမ်းနေ ဦးချမ်းလှိုင်အား ရည်စူး၍ ဒေါ်သန်းဆွေ မိသားစုက ဘိုးဘွားများအား တစ်နေ့တာ အာဟာရကျွေးမွေးရန်နှင့် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်ငါးသိန်း နှစ်သောင်းကိုနှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၂-၆-၂၀၀၇
(သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	တရားကပေးတဲ့ ချမ်းသာတရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာအရှင်ပညိဿရ)
၇း၅၅	အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်
၈း၁၅	တေးဂီတ အစီအစဉ်
၈း၂၀	Myanmar Video Rhythm
၉း၁၀	တေးဂီတအစီအစဉ်
၉း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
၉း၄၀	သိဖွယ်စုံလင် ရွှေစက်တော်တစ်ခွင်
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	လေးမျက်နှာနှင့် ဗုဒ္ဓပူဇနိယာ နှစ်စဉ်ကျင်းပမှာ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	'နိဗ္ဗာန်ဆီသို့.......' ဒေါက်တာချစ်ငယ် (ဒဿန) Ph.D
၁၁း၀၅	မိုးလေဝသခန့်မှန်းချက်
၁၁း၁၀	ရော်ဘာအစေး လိုးရာတွင် အရေးကြီးသည့်အချက်များ
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	Yangon Panorama စိုးပိုင် (One Man Show)
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀	ကင်ဆာရောဂါ သတိပြုစရာ (ပါမောက္ခ ဒေါက်တာ သီတာစန်း)
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	'ဝိုင်းဝန်းပက်ဖျန်း မေတ္တာပန်း' ထောက်ကြန့်ကလေးပြုစုရေးဌာန
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မှူးယစ်ကင်းစင် အလှဆင်

ဘုတလင်၌ သိုး၊ ဆိတ် မျိုးကောင်းမျိုးသန့် အလှပြိုင်ပွဲကျင်းပ

သိုး၊ ဆိတ်မွေးမြူမှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးကောင်းမျိုးသန့် တိုးပွားရေးဆိုင်ရာ မြို့နယ်အဆင့် ပြိုင်ပွဲကို ဘုတလင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင် မေ ၂၈ နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးပြေငွေက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဦးဆန်းအောင်က ပြပွဲ၊ ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် အကဲဖြတ်ပုံနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သိုး၊ ဆိတ် မျိုးကောင်းမျိုးသန့် အလှပြိုင်ပွဲ ကျင်းပပေးပြီး ဆုရရှိသူများကို မြို့နယ်အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာများက ဆုများချီးမြှင့်ပေးအပ်သည်။ ပြိုင်ပွဲတွင် မြို့နယ်အတွင်းမှ သိုး၊ ဆိတ် အကောင် ၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း
ပြည်တွင်း သတင်းအတိုအထွာ

ပရိယတ္တိ စာအောင်ဆုနှင်းသဘင်

ပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ကြသော စာအောင်သံဃာ ၅၁ ပါးတို့အား ပရိယတ္တိစာအောင် ဆုနှင်းသဘင် အခမ်းအနားကို ဇွန် ၆ ရက်က မကွေးမြို့ မဟာရတနာရာမတိုက်၌ ကျင်းပသည်။ ပရိယတ္တိ စာအောင်ဆုနှင်းသဘင် မင်္ဂလာအောင်ပွဲ အကြိုနေ့များတွင် ဘဒ္ဒန္တ ပညာသီဟ(ရွှေဝါးကျောင်းဆရာတော်)တေဇစက္ကိမ္မရိပ်သာ ရှစ်မိုင် မရမ်းကုန်း ရန်ကုန်ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားဒေသနာများကို သုံးရက်တိုင်တိုင် ဟောကြားကြောင်း သိရသည်။ (က-ပ)

ကျောင်းအပ်နှံရေးနေ့ မိုင်းဖြတ်တွင်ကျင်းပ

၂၀၀၇-၂၀၀၈ ပညာသင်နှစ် မိုင်းဖြတ် မြို့နယ် လုံးကျွတ် ကျောင်းအပ်နှံရေးနေ့နှင့် ကျောင်းနေရန်ခက်ခဲသော ကလေးများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို မေ ၂၉ရက် မွန်းလွဲပိုင်းက မိုင်းဖြတ် အခြေခံပညာအထက်တန်းကျောင်း သိပ္ပံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးငွေဝင်းက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင် ဥက္ကဋ္ဌ ဦးသိန်းမြင့်၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းရွှေ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းဝေ၊ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါ်နန်းကိန်ဟွမ်နှင့် အလှူရှင်များက စာအုပ်၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် အလှူငွေများ စုစုပေါင်းတန်ဖိုး ငွေကျပ် ၄၅၀၂၅၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

(ခရိုင် ပြန်/ဆက်)

မြို့သာယာလှပရေး ဆောင်ရွက်

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့သာယာလှပရေးအတွက် သီလဝလမ်းဆုံရှိ တြိဂံကျွန်းတွင် ရွက်လှပင်အကြီးများ စိုက်ပျိုးနေမှုကို ဇွန် ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်ကြည်ကြည်ငွေတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(က-ပ)**

ဒေသနှင့်သင့်လျော်သည့် ချက်ကြံ တန်းကြားနှင့် တန်းပြိုင်စနစ်များဖြင့် စတင်စိုက်ပျိုး

ရှမ်းပြည်နယ် (တောင်ပိုင်း) မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ကြံသီးနှံလုပ်ငန်းဌာနမှ ပြည်နယ်တာဝန်ခံ ဦးညွန့်ခင်နှင့် ဝန်ထမ်းများသည် ချက်ကြံ သီးနှံစိုက်ပျိုးရေးအတွက် ဒေသနှင့်သင့်လျော်ပြီး အထွက်နှုန်းကောင်းသည့် ကြံမျိုးများနှင့် အထွက်တိုးစေမည့် စိုက်စနစ်များ ပညာပေးနိုင်ရန်အတွက် တောင်ကြီးမြို့နယ် အေးသာယာဂေါက်ကွင်း စံပြစိုက်ကွက်တွင် ၂၀၀၆ ဩဂုတ်လအတွင်း အထွက်ကောင်းကြံမျိုးအား မျိုးပွားစမ်းသပ်စိုက်ပျိုး ပညာပေးပြသခဲ့သည်။ ယခုနှစ် ကြံစိုက်ရာသီတွင် ဇွန် ၁၆ ရက်က တန်းကြားစနစ်၊ တန်းပြိုင်စနစ်များဖြင့် စတင်စိုက်ပျိုးခဲ့ပြီး အဆိုပါ ကြံအထွက်နှုန်းမှာ တစ်ဧက ၅၄ တန်အထိ မြင့်မားသည့် မျိုးကောင်း မျိုးသန့် ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကျေးရွာချင်းဆက် လမ်းပြီးစီးရေးဆောင်ရွက်

ပဲခူးတိုင်း(အနောက်ပိုင်း) သဲကုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၇-၂၀၀၈ခု ဘဏ္ဍာရေးနှစ် ကျေးရွာချင်းဆက် လမ်းတံတားပြုပြင်တည်ဆောက်ရေး စီမံချက်အရ ချားလျားကုန်းကျေးရွာနှင့် ရပ်သာကျေးရွာချင်းဆက် မြေသားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို မေ ၂၇ ရက်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျေးရွာမြေသားလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးမောင်မောင်သွင်က ကွင်းဆင်းကြီးကြပ်ပြီး မြေသားလမ်း စံချိန်စံညွှန်းမီ ခင်းနိုင်ရေးနှင့် သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။ **(မြို့နယ်စည်ပင်)**

စာကြည့်တိုက်အဆောက်အအုံ ဖြစ်မြောက်ရေး ကွင်းဆင်းဆောင်ရွက်

မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးအရာရှိဦးတင်ထွန်းနှင့် မြို့နယ် ဒုတိယဦးစီးမှူး ဒေါ်ဇင်နန္ဒာဦးတို့သည် ဇွန် ၃ရက်က အာယုတောင်ကျေးရွာသို့သွားရောက်ပြီး စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ စာကြည့်တိုက် ရေရှည်ခိုင်မာရေးနှင့် အဆောက်အအုံဖြစ်မြောက်ရေးတို့ကို ဆွေးနွေးညှိနှိုင်းသည်။

ဆက်လက်၍ စုံနံ့သာကျေးရွာသို့ သွားရောက်ပြီး စာကြည့်တိုက် ကော်မတီဝင်များနှင့် ရပ်မိရပ်ဖများအား စာကြည့်တိုက် အဆောက်အအုံ ဖြစ်မြောက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

ကျောက်ဆည် မြန်မာ့လယ်ယာသုံးစက်ကိရိယာ စက်ရုံဝန်ထမ်းများ အထူးကုဆရာဝန်များအဖွဲ့ ကျန်းမာရေးပညာပေး

သွားနှင့်ခံတွင်းရောဂါ ဝေဒနာရှင်များအား ဆေးဝါးအခမဲ့ကုသ

ကျောက်ဆည် ဇွန် ၁၀

ကျန်းမာရေးဦးစီးဌာန၏ စီစဉ်မှုအရ မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်၊ သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်ဦး၊ တွဲဖက်ဆရာဝန် ဒေါက်တာမေသက်စုမြင့်နှင့်အဖွဲ့သည် ဇွန် ၆ရက် နံနက်၉နာရီက ကျောက်ဆည်မြို့နယ် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံသို့ သွားရောက်ကာ စက်ရုံဝန်ထမ်းများအား ဆေးဝါးအခမဲ့ ကုသပေးသည်။

ပညာပေးဟောပြော

အစီအစဉ်အရ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါအကြောင်းကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက ကျန်းမာရေးအသိပညာစာပေများ လေ့လာရေးကိုလည်းကောင်း၊ ဒေါက်တာမောင်မောင်ဦးက သွားနှင့်ခံတွင်းတွင် ဖြစ်တတ်သည့် ရောဂါများအကြောင်းကိုလည်းကောင်း ပညာပေးဟောပြောကြပြီး စက်ရုံမှူး ဦးမြသွေးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆေးဝါးအခမဲ့ကုသပေး

ထို့နောက် သွားနှင့်ခံတွင်း အထူးကုဆရာဝန်ကြီး ဒေါက်တာမောင်မောင်ဦးနှင့်အဖွဲ့သည် မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံမှ သွားနှင့်ခံတွင်းရောဂါဝေဒနာရှင် ၉၅ ဦးတို့အား ဆေးဝါးများ အခမဲ့ကုသမှုပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(ခရိုင် ပြန်/ဆက်)**

မေ ၁၉ရက်က ပဲခူးတိုင်း ဝေါမြို့နယ် ဖိုးဦးစိန်ကျေးရွာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်နု ဦးစီး၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးစဉ်။ (၃၇၅)

တိုင်းအဆင့် စစ်ရေးပြနှင့်စွမ်းဆောင်ရည်ပြိုင်ပွဲဆုရ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ဂုဏ်ပြုဆုချီးမြှင့်

စဉ့်ကူး ဇွန် ၁၂

မန္တလေးတိုင်းအဆင့် စစ်ရေးပြနှင့်စွမ်းဆောင်ရည်ပြိုင်ပွဲတွင် ဆုရရှိသော စဉ့်ကူးမြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲကို မေ ၂၈ရက် နံနက်၉နာရီက စဉ့်ကူးမြို့နယ် ရွှေကူကြီးအခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ဂုဏ်ပြုအမှာစကား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်လေးနှင့် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာအေးအေးသန်းတို့က ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။

ရှင်းလင်းပြောကြား

အစီအစဉ်အရ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး မျိုးဆွေက ပြိုင်ပွဲအတွေ့အကြုံနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက ၂၀၀၇ခုနှစ် မန္တလေးတိုင်း စစ်ရေးပြနှင့်သူနာပြုစွမ်းရည်ပြိုင်ပွဲတွင် အမျိုးသားစစ်ရေးပြပထမဆုရရှိသော အမျိုးသားတပ်စိတ်တစ်ဦးချင်း ဂုဏ်ပြုဆုများကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာအေးအေးသန်းက အမျိုးသမီးစစ်ရေးပြ ပထမဆုရရှိသော အမျိုးသမီးတပ်စိတ်တစ်ဦးချင်း ဂုဏ်ပြုဆုများကို လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးသိန်းက အမျိုးသားလေးယောက်တွဲစွမ်းဆောင်ရည် ဒုတိယဆု ရရှိသူများကိုလည်းကောင်း၊ မြို့နယ်အတွင်းရေးမှူး ဦးသန်းနွယ်က နှစ်ယောက်တွဲ ဒုတိယဆုရရှိကြသူများကိုလည်းကောင်း အသီးသီးဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ**(အောက်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပင်လောင်းမြို့နယ် ကြက်ခြေနီအသင်း အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်း

ပင်လောင်း ဇွန် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ကြက်ခြေနီအသင်းကကြီးမှူးဖွင့်လှစ်ခဲ့သော အခြေခံရှေးဦးသူနာပြုစုခြင်းသင်တန်း(၁/၂၀၀၇)သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၈ရက် နံနက် ၁၀နာရီခွဲက ဆောင်းပြောင်းစံပြကျေးရွာ တွဲဖက်အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်ဝင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ တပ်ရင်းမှူး ဒုတိယရဲမှူးတင်လှနှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာဦးတိုးမောင်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ကြက်ခြေနီဘာသာရပ် ထူးချွန်ဆုရသူများ၊ အကောင်းဆုံးစစ်ရေးပြထူးချွန်ဆုရရှိသောသင်တန်းသား၊သင်တန်းသူများကို တာဝန်ရှိသူများက ဆုချီးမြှင့်ရာ ဆုရရှိသူများက လက်ခံရယူကြပြီး သင်တန်းဆင်းလက်မှတ်များကို ဒေါက်တာဦးတိုးမောင်က ပေးအပ်သည်။

တက်ရောက်

ဆက်လက်၍ သင်တန်းဆရာ၊ဆရာမများကို ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး သင်တန်းသို့ လုံးပြင်၊ နန်းတုတ်၊ လိမ်းညား၊ ဘန့်ဘာကျေးရွာအုပ်စုများမှ သင်တန်းသား၊သင်တန်းသူ ၄၁ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၉ရက်ကြာမြင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ် သတင်းများ

မေ ၆ရက်က ခရမ်းမြို့ ကျူတောကျေးရွာတွင် နှစ်လက်မစက်ရေတွင်း ပေ ၅၆၀ ရေထွက်နှုန်း တစ်နာရီဂါလန် ၁၂၀၀နှုန်း တူးဖော်ပြီးစီးမှုအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမျိုးလင်းနှင့် အဖွဲ့က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကွန်ကရစ်တံတားတည်ဆောက်

တာချီလိတ် ဇွန် ၃

တာချီလိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တာချီလိတ်မြို့ တာလော့ရပ်ကွက် ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဦးဇော်မျိုးသက်နှင့်အငယ်တန်းအင်ဂျင်နီယာ(၃) ဦးမြင့်နိုင် ခေါင်းဆောင်သော ဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုကို မေ ၁၀ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကိုလတ်က ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြောင်း သိရသည်။ **(ဝဲပုံ)**
(မြို့နယ်စည်ပင်)



ရှင်းလင်းတင်ပြ

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ကျွန်းတော (၂)လမ်းတွင် ပြည်သူများ ကိုယ့်အားကိုယ်ကိုး အုတ်ရေနုတ်မြောင်းများဆောင်ရွက်မှုကို မေ ၂၈ ရက်က ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်ဆွေညွန့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးငွေစိုး တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့ သူနာပြု သားဖွားသင်တန်းကျောင်း သူနာပြု ဦးဆောင်းအပ်နှင်းပွဲ အခမ်းအနားကျင်းပ

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် အမှာစကားပြောကြား

ကျိုင်းတုံ ဇွန် ၁၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) သူနာပြု သားဖွားသင်တန်းကျောင်း ကျိုင်းတုံမြို့၏ အပတ်စဉ်(၁၃) သူနာပြုဦးဆောင်း အပ်နှင်းပွဲအခမ်းအနားကို ဇွန်၅ရက် နံနက် ၁၀နာရီခွဲက အဆိုပါသင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသ တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း) အဖွဲ့ ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် နှင့် တွဲဖက်ပြည်နယ် ကျန်းမာရေးဦးစီး ဌာနမှူး ဒေါက်တာ မြင့်အောင်တို့က အမှာစကား ပြောကြားကြသည်။

သူနာပြုဦးဆောင်းအပ်နှင်း

ဆက်လက်၍ သူနာပြု သားဖွား သင်တန်းကျောင်းကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းနှင့် တာဝန်ရှိသူများက သင်တန်းသူ ၅၂ ဦးကို သူနာပြု ဦးဆောင်း အပ်နှင်းပေးကြသည်။ **(အောက်ပုံ)**

ထူးချွန်ဆုပေးအပ်

ထို့နောက် ရှမ်းပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှက ဆုရသင်တန်းသူ များအား ထူးချွန်ဆုများ ပေးအပ် ချီးမြှင့်ပြီး သင်တန်းကျောင်းအုပ် ဒေါ်သန်းသန်းဝင်းက ကျေးဇူးတင် စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေ မြတ် မ ဟာ ရှိ ဗုဒ္ဓဂယာ မြန်မာ ကျောင်း(မူလကျောင်း ဟောင်း) အနောက် ဘက် တိုးချဲ့ မြေ နှစ် ဧ က ဝယ်ယူရန် နှင့် သာသနိက အဆောက်အအုံများ ဆောက် လုပ် ရန် အတွက် ဒေါ်ကျင် မိသားစု ဆ/၃၂၆ မေ ဓာ ဝီ လမ်း မြောက်ဥက္ကလာက အလှူငွေကျပ် ၁၅၀၀၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ အမှူးဆောင်ဆရာတော် အရှင်သန္တရ (ညောင်ခါးရှည်) တာဝန်ခံထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ပြင်းပြင်းထန်ထန်လေ့ကျင့်

စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စည်းကမ်းလိုက်နာမှု အပြည့်အဝဆောင်ရွက်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဇွန် ၁၆ရက် ညနေ ၃နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အားကစားသမားများနှင့် ပူးတွဲလေ့ကျင့်လျက်ရှိသည့် မလေးရှားနိုင်ငံမှ ပိုက်ကျော်ခြင်း အားကစားသမားများ၏ လေ့ကျင့်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ဝန်ကြီးသည် အောင်ဆန်း အားကစားပြိုင်ဝင်း၌ ၂၀၀၇-၂၀၀၈ ဘောလုံးရာသီ မြန်မာ လိဂ် (Myanmar League) ဘောလုံး ပြိုင်ပွဲ အဆင့်မြင့်တန်း ပထမပွဲစဉ်အဖြစ် စီးပွား/ကူးသန်း ဘောလုံးအသင်းနှင့် ဆောက်လုပ်ရေး ဘောလုံးအသင်းတို့ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေး သည်။

ဆက်လက်၍ ဝန်ကြီးသည် အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာ အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ (၂၄) ကြိမ်မြောက် အရှေ့တောင်အာရှ အား ကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင်များ လေ့ကျင့် နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များ၏ တင်ပြချက်များအပေါ် ဝန်ကြီး က မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ တွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့ လက်ရွေးစင်များ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ် လေ့ကျင့် ရေးစခန်း၌ (၂၄)ကြိမ်မြောက် အရှေ့ တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့် လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေး စင် အလေးမ အားကစားမောင်မယ် များ၏ လေ့ကျင့်နေမှုများကို ကြည့်ရှု စစ်ဆေးပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး အတွက် လေ့ကျင့်မှုများကို ပြင်းပြင်း ထန်ထန် လေ့ကျင့်ဆောင်ရွက်ရန်နှင့် စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းကမ်းလိုက်နာ မှုနှင့် လေ့ကျင့်မှုအပြည့်အဝ ဆောင်ရွက် ရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မူလတန်းသင်ဆရာများ သင်ကြားရေး မွမ်းမံသင်တန်းဆင်းပွဲကို မေ ၁၈ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးစိန်ထွန်း အမှာစကားပြောကြားစဉ်။ (၁၅၂)

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် တနင်္ဂနွေနေ့

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

အိုလံပစ်နေ့အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် အသက်(၁၇)နှစ်အောက် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၁

အားကစားဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ ချုပ်ကကြီးမှူး၍ မြန်မာဂေါက်ကလပ်နှင့် Han Event Managementမှ တာဝန်ယူကျင်းပသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက် ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇွန် ၁၉ရက် မွန်းလွဲ ၁နာရီက ရန်ကုန်မြို့ ၉မိုင်ရှိ မြန်မာဂေါက်ကလပ်၌ ကျင်းပသည်။

ဆုများပေးအပ်

ဗိုလ်လုပွဲများအပြီးတွင် ဆုပေးပွဲကိုကျင်းပရာ သက်ကြီးတန်းပြိုင်ပွဲနှင့် တစ်ဦးချင်းအကျော့ပေးပြိုင်ပွဲများ၌ အနိုင်ရရှိသူများအား မြန်မာဂေါက်ကလပ်မှ တွဲဖက်အတွင်းရေးမှူး ဦးအောင်ကျော်မိုးက ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာ့သိုင်းပြိုင်ပွဲ

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် အသက် (၁၇)နှစ်အောက် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲကို ယမန်နေ့ နံနက် ၉နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်သိုင်းအသင်း ၇၂သင်းမှ အသင်းအုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမား စုစုပေါင်း ၁၀၄ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဇွန် ၂၅ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးအောင်ကျော်မင်းနှင့်အဖွဲ့ အစည်းအဝေးများတက်ရန် ထိုင်းသို့ထွက်ခွာ

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအောင် ကျော်မင်း ဦးဆောင်၍ အထွေထွေ အတွင်းရေးမှူး ဦးအောင်ခင်မြင့်၊ ဘဏ္ဍာ ရေးမှူး ဦးဝါဆိုဝင်းမြင့်၊ တွဲဖက်အတွင်း ရေးမှူး(၁) ဒေါ်လှလှရီ၊ တွဲဖက်အတွင်း ရေးမှူး(၂) ဒေါက်တာ ခင်မောင်ကြိုင်၊ တွဲဖက် အတွင်းရေးမှူး(၃) ဦးအောင် ခိုင်နှင့် မြန်မာနိုင်ငံ အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ်များအသင်း ဥက္ကဋ္ဌ ဦးမျိုးသန့်တို့ ပါဝင်သော အဖွဲ့သည် UNESCAP National Executive of National Freight Forwarders Association အစည်း အဝေး၊ FIATA Asia/ Pacific Regional Rap အစည်းအဝေး၊ UNESCAP Regional Forum of Freight Forwarders, Multimodal Transport Operators and Logistics Service Providers အစည်းအဝေး၊ Expert Group Meeting on Improving Road Safety on the Asian Highway အစည်းအဝေးနှင့် The Enhancement of International Trade Logistics Development in Greater Mekong Sub Region Forum သို့ တက်ရောက်ရန် ဇွန် ၁၉ရက်က ရန်ကုန်မြို့မှ လေကြောင်း ခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွား ကြရာ ဒုတိယဥက္ကဋ္ဌ(၁) ဦးကျော်လွင်ဦး၊ ဒုတိယ ဥက္ကဋ္ဌ(၂) ဒေါက်တာအေးအေး နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည် ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင် နှုတ်ဆက်ကြကြောင်း သတင်းရရှိ သည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့်အမျှ သတ်မှတ်အမြန်နှုန်း ထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်း ကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှုအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်း အတိုင်းသာ မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ရန်ကင်းပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် ကမာရွတ် ရွှေပိတောက်ရိပ်မွန် ရွှေယင်းမာလမ်း ဒေါက်တာစိုးသိန်း–ဒေါက်တာသန်းနုရွှေ (ကလေးအထူးကု) မိသားစုက အလှူငွေကျပ်ခြောက်သောင်းနှင့် ငွေကျပ်တစ်သိန်းကျော်တန်ဖိုးရှိ ကလေးဆေးမျိုးစုံကို ရွှေပြည်ဟိန်းဆရာတော် (သီတဂူကြာတစ်ပွင့်) ထံမှောက်တွင် လာရောက်လှူဒါန်းစဉ်။ (က–ပ)

ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂) ရပ်ကွက် အင်ကြင်းမြိုင်အိမ်ရာ အမှတ် ၂၁ နေ (ဦးထွန်းငွေ)–ဒေါ်လှငွေ သား သမီး မြေး မြစ်များနှင့် ပါရမီရှင်မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ် (၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်သုံးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ(ကိုယ်စား) အတွင်းရေးမှူး ဦးထွန်းအေးနှင့် အဖွဲ့ဝင် ဦးမောင်မောင်အောင်တို့က လက်ခံယူစဉ်။ (က–ပ)

ပဲခူး ကျောက်တွင်းကုန်းရပ် ဘုန်းတော်ကြီးသင်ပညာရေး စာသင်ခန်း အဆောက်အအုံတိုးချဲ့ရန် ပါဝင်လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၁

ပဲခူးမြို့ ကျောက်တွင်းကုန်းရပ် ရန်ကုန်–မန္တလေးလမ်းဘေး၌ အမှတ်(၁၄) အောင်စေတီစာသင်တိုက် ဘုန်းတော်ကြီးသင်ပညာရေး ပရဟိတကျောင်းတွင် မူလတန်းအဆင့်မှ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း၊ ရှစ်တန်းအထိ မိဘမဲ့ကျောင်းသား ကျောင်းသူဦးရေ ၃၀၀ ကျော် စာသင်ပေးရန် စာသင်ခန်းအဆောက်အအုံတိုးချဲ့ရန် ဆောင်ရွက်လျက်ရှိသည်။ စာသင်ခန်းကျောင်းဆောင်များ၊ သင်ထောက်ကူပစ္စည်းများ၊ အာဟာရဒါန၊ ဆေးဝါးဒါန အလှူရှင်များသည် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာ ဖုန်း–၀၉–၅၃–၀၁၉၉၆၊ ၀၅၂–၂၃၉၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၁–၆–၂၀၀၇

နေပြည်တော်	၀ဒသမ၆၇လက်မ
ရွှေကျင်	၃ဒသမ၇၀လက်မ
မော်လိုက်	၁ဒသမ၅၃လက်မ
ကသာ	၁ဒသမ၃၀လက်မ
ကလေးဝ	၁ဒသမ၁၄လက်မ

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ (၆)၊ အမှတ် (၂) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၆)၊ အမှတ်(၂) **(ယာပုံ)** ကို ယနေ့ဖြန့်ချိလိုက်ရာ ချစ်နိုင်(စိတ်ပညာ)၏ အလင်းတံခါးများ ဖွင့်ကြလော့၊ ဆရာညို၏ ဒုကနိပါတ်လာ ဓမ္မဇဇောတ်၊ မြတ်ခိုင်၏ရေ...ရေ...ဘာကြောင့်ကြီး၊ စိုးသီဟစိုး၏ ဇီဝမျိုးစုံမျိုးကွဲများ ဆက်လက် ထိန်းသိမ်းစောင့်ရှောက်စို့၊ ညွှန့်ဟံ(ကြူတော)၏ သျှိုးလိုက်ရတုနှင့် မြန်မာမှု၊ စန္ဒာလင်း၏ မြန်ပြည်မြောက်ဖျားမိုးယံမှကြယ် ခရီးကြမ်း ကိုယ်တွေ့၊ ကျော်ဌေး(ဘီအေစီ)၏ သိပ္ပံနှင့်နည်းပညာ စသည့် ဆောင်းပါးများပါဝင်သည်။

ဝေဝေဆာဆာဖော်ပြ

ထို့အပြင် သံသတ္တုရိုင်းများကို ခေတ်မီနည်းပညာနည်းစနစ်ဖြင့် အဆင့်ဆင့်ထုတ်လုပ်ပြုပြင်သည့် စက်ရုံများကို ထူထောင်သွားမည်၊ လိုအပ်ချက်အတွက် စက်ရုံသစ်များ ထပ်မံတည်ဆောက်ဦးမည်၊ မြန်မာနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံ ကဏ္ဍစုံပူးပေါင်း ဆောင်ရွက်မှု ပိုမိုဖြစ်ထွန်းမည်။ မဟာမဲခေါင်နိုင်ငံများ၏ အရှေ့အနောက်စီးပွားရေး လမ်းကြောင်းဖြစ်လာမည့် မဲဆောက်– မော်လမြိုင် အာရှလမ်းပိုင်းဆက်ဖောက်မည်၊ မီဇိုးရန်–စစ်တွေလမ်းဖောက်လုပ်ရေးအတွက် ကမ္ဘာ့ဘဏ်က ဒေါ်လာ၁၈သန်းထုတ်ချေး၊ အိန္ဒိယ– မြန်မာစကီးဝဲလမ်းမကြီးကို အကြောင်းပြု၍ စီးပွားရေးဇုန်ကြီးတစ်ခု ပေါ်ထွန်းလာမည်၊ အာဆီယံနိုင်ငံများနည်းတူ ရုပ်မြင်သံကြားထုတ်လွှင့်မှုတွင် DVB-T စနစ် တရားဝင်ဆက်လက်သုံးစွဲရေးဆောင်ရွက်မည်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ် လေးနိုင်ငံဒေသခွဲ လေကြောင်းပူးပေါင်းဆောင်ရွက်မှုဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေမည်၊ လေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နိုင်ငံခြားသားခရီးသည်များစွာ ဝင်ရောက်လာမည်၊ ငွေဆောင်ကမ်းခြေ ပိုမိုဖွံ့ဖြိုးလာမည်။ ဥရောပ–ရုရှားဆွေးနွေးပွဲ အငြင်းပွားမှုများရှိနေဆဲ၊ တရုတ်နှင့် ဗီယက်နမ် နယ်စပ်ဒေသ ပိုင်ဆိုင်ခွင့်အပေါ် သဘောတူညီချက်ထုတ်ပြန်၊ အီရန်၏ နျူကလီးယား သန့်စင်မှုရပ်တန့်ရန် အနောက်အုပ်စု၏ ကြိုးစားမှုမအောင်မြင်၊ အိန္ဒိယနှင့် အမေရိကန်ကုန်သွယ်မှုဆွေးနွေးပွဲ တိုးတက်မှုရရှိ စသည့် ပြည်တွင်း ပြည်ပသတင်းများ ဝေဝေဆာဆာ ဓာတ်ပုံမြိုင်မြိုင်ဆိုင်ဆိုင် ဖော်ပြပါရှိပါသည်။

ရွှေနိုင်ငံဂျာနယ်ရရှိနိုင်သောနေရာများမှာ ထွန်းဦးစာပေ(မန္တလေး)၊ ဆင်တောင်ကြီးစာပေ၊ တင်စိုးစာပေ၊ ဝါမိုးအောင်စာပေ၊ စာပေဗိမာန်စာအုပ်ဆိုင်၊ မနီလာစာပေ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်နှင့် ပန်းရွှေပြည်စာအုပ်ဆိုင်များ ဖြစ်သည်။ စာမူများပေးရန် ဆက်သွယ်ရန်လိပ်စာမှာ စာတည်းမှူးချုပ် ရွှေနိုင်ငံဂျာနယ် အမှတ် (၂၂၈) ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း–၃၈၂၀၇၀ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

နှလုံးရောဂါကုသမှုခံယူပြီးနောက် အဝလွန်သူများ အသက်ရှင်ရန်အလားအလာပိုများ

လန်ဒန် ဇွန် ၂၁

နှလုံးဖောက်ပြန်မှုနှင့် နှလုံးရောဂါတစ်မျိုးကြောင့် ကိုယ်လက်လှုပ်ရှားသည့်အခါ ရင်ခေါင်းတွင် စူးအောင့်မှု ဝေဒနာခံစားကြရသည့် အဝလွန်သူလူနာများသည် ကုသမှုခံယူပြီးနောက် သာမန်လူနာများထက် ပိုမို၍ အသက်ရှင်ရန် အလားအလာများကြောင်း သုတေသနတွေ့ရှိချက်တစ်ရပ်၌ ဖော်ပြထားသည်။

ထက်ဝက်ခန့်လျော့နည်း

အဝလွန်သောလူနာများမှာ ဆေးဝါးကုသမှုခံယူပြီးနောက် သုံးနှစ်အတွင်း သာမန်ကိုယ်အလေးချိန်ရှိသည့် လူနာများထက် သေဆုံးနိုင်ရန် ထက်ဝက်ခန့်လျော့နည်းကြောင်း ဂျာမနီနှင့် ဆွစ်ဇာလန်သုတေသနပညာရှင်များက ပြောကြားသည်။



အဆိုပါ သုတေသနပညာရှင်များက လူနာ ၁၆၇၆ ဦးကို စူးစမ်းလေ့လာပြီးနောက် အထက်ပါရလဒ်ကို တွေ့ရှိရခြင်းဖြစ်သည်။ ထိုသို့ရလဒ်ပေါ်ထွက်မှုမှာ မည်သည့်အတွက်ကြောင့် ဖြစ်သည်ကိုမူ ဆက်လက်သုတေသနပြုရမည် ဖြစ်သည်။

တွေ့ရှိချက်

ကိုယ်အလေးချိန်များသူ၊ အဝလွန်သူနှင့် အလွန်အမင်းဝလွန်းသူများသည် ဆီးချို၊ သွေးတိုးနှင့် နှလုံးသွေးကြောပိတ်ရောဂါဖြစ်ရန် အလားအလာများသည်ဆိုသော်လည်း မိမိတို့တွေ့ရှိချက်မှာ အထက်ပါအတိုင်းပင်ဖြစ်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင် ဒေါက်တာဟိန်းဗျူနာက ပြောကြားသည်။

ပြခဲဇာတ်ကားများ ဆက်လက်ပြသ Spider Man III ထပ်မံ ရုံဝင်လာ

ရုပ်ရှင်သတင်းထောက်

ရန်ကုန် ဇွန် ၂၁

ဒါရိုက်တာမီးပွား ရိုက်ကူးပြီး လွင်မိုး၊ နန္ဒာလှိုင်၊ ခန့်စည်သူ၊ ပုလဲဝင်းတို့ ခေါင်းဆောင် ပါဝင်ထားသော **ကျွန်တော့် ချစ်သူပြောသော သူ့ချစ်သူအကြောင်း** ဇာတ်ကားမှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။ မန္တလေးတွင် မြို့မနှင့် ဝင်းလိုက်ရုံများတွင်လည်း ဆက်လက်ပြသလျက်ရှိသည်။ အကျီစားသန်သော မိန်းကလေးတစ်ဦးကြောင့် ငိုအားထက် ရည်အားသန်ရသော ချစ်သူနှစ်ယောက်အကြောင်း ရိုက်ကူးထားသော အချစ်ဟာသဇာတ်မြူးကားဖြစ်သည်။

အမေနှင့်သမီးများ

ရှေ့ဆောင်ရုံတွင် အက်ရှင်ဇာတ်ကား Shooter ပြသနေပြီး နေပြည်တော်ရုံတွင် Spider Man III ထပ်မံရုံဝင်လာသည်။ **အမေနှင့် သမီးများ** ဇာတ်ကားမှာ မြို့လယ်ဝဇီရာရုံတွင် ဆက်လက်ပြသနေသည်။

နိုင်ငံခြားဇာတ်ကား

သိန်းရုပ်ရှင်မှ တင်ဆက်လိုက်သော ပီကေမင်းသားပါဝင်ထားသည့် အိန္ဒိယဇာတ်ကား Fight Club မှာ ဘုရင့်ရုံတွင် ရုံဝင်လာသည်။ အက်ရှင်ကားဖြစ်သည်။ လူငယ်များ၏ ချစ်ခြင်းမေတ္တာနှင့် သစ္စာတရားကို ဖော်ကျူးထားသော Keemat ဇာတ်ကားမှာ ဆုထူးပန်ရုံတွင် ပြသနေသည်။

ယင်း ဇာတ်ကားတွင် မင်းသားချော အက်ရှေးကူးမား၊ ဆာ့ပ်အလီခန်းနှင့် မင်းသမီးချော ရာဗီးနားတန်ဒန်၊ ဆိုနာလီဗင်ဒါရီတို့ ပါဝင်ထားသည်။

မြို့မရုံတွင် Khiladi 420 ဇာတ်ကားပြသနေပြီး ရွှေဂုန်အပေါ်ထပ်၌ Missing in Action ပြသလျက်ရှိပြီး မြေညီထပ်၌ Goir Kaamooni ပြသလျက်ရှိသည်။

နေတစ်စင်းလတစ်စင်း ချစ်ခြင်းအသချေ်

ဒါရိုက်တာမောင်မောင်ဦး(စနိုးပိုက်) ရိုက်ကူးပြီး နိုင်းနိုင်း၊ စိုးမြတ်သူဇာ၊ အိန္ဒြာကျော်ဇင်တို့ ပါဝင်ထားသော **နေတစ်စင်းလတစ်စင်း ချစ်ခြင်းအသချေ်** အဆင့်မြင့်မြန်မာဗီဒီယိုဇာတ်ကားမှာ စံပြ၊ ရွှေမန်း၊ သီတာနှင့် မြရတနာရုံတွင် ကြည့်ကြရမည်ဖြစ်သည်။

ကျွန်တော့်ချစ်သူပြောသော သူ့ချစ်သူအကြောင်း ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။

မျက်စိတစ်မှိတ်လျှပ်တစ်ပြက်မှ သူထူးစံ၏ သရုပ်ဆောင်ကွက်။

မျက်စိတစ်မှိတ် လျှပ်တစ်ပြက်

ဒါရိုက်တာ ရဲဝန်ထမ်းဟောင်းတစ်ဦးနှင့် ချောချစ်စံတို့ ရိုက်ကူးတင်ဆက်ထားသော **မျက်စိတစ်မှိတ် လျှပ်တစ်ပြက်** အဆင့်မြင့် မြန်မာဇာတ်ကားမှာ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် ဆက်လက်ပြသနေဆဲ ဖြစ်သည်။ ဖြစ်ရပ်မှန်မှုခင်း ဇာတ်လမ်းတစ်ပုဒ်ကို အခြေပြုရိုက်ကူးထားသော မှုခင်းပညာပေး ဒုစရိုက်ဆန့်ကျင်ရေး ဇာတ်ကားဖြစ်သည်။

ပါဝင်အားဖြည့်

ယင်းဇာတ်ကားတွင် သူထူးစံနှစ်ကိုယ်ခွဲ ပါဝင်ထားပြီး ပပဝင်းခင်၊ နေရဲလင်း၊ ညီညီမင်းထက်တို့ ပါဝင်အားဖြည့်ထားသည်။ **(မြန်မာ့အလင်း)**

✻ ကျောဖုံးမှ

ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိရုံးသို့ ရောက်ရှိကြရာ ဧည့်ရိပ်သာ၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမြင့်က စစ်တောင်းမြစ်ဝှမ်းနှင့် ဆက်စပ်ဒေသများ ရေလွှမ်းမိုးမှု ကာကွယ်ရေးနှင့် စိုက်ပျိုးမြေဖော်ထုတ်ရေးလုပ်ငန်းရပ်များဖြစ်သည့် မုက္ခမူကမ်းပတ်တာနှင့် စစ်တောင်းတာပတ်ခြင်းနှင့် ရဲနွယ်ချောင်း ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဆက်စပ်ဒေသများရှိ မြစ်ချောင်းများ ရေစီးဆင်းမှု အခြေအနေများအား ရုပ်ပုံကားချပ်များနှင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးက နိုင်ငံတော်၏စီမံကိန်းလုပ်ငန်းရပ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လိုအပ်သည်များမှာကြား

ထို့မှတစ်ဆင့် တိုင်းမှူးသည် ညောင်လေးပင်မြို့နယ် မုက္ခမူချောင်းတံတားသို့ရောက်ရှိ၍ မုက္ခမူချောင်း ရေစီးဆင်းမှုအခြေအနေနှင့် ရေကြီးနစ်မြုပ်မှု မရှိစေရေးဆောင်ရွက်ရမည့်အခြေအနေများအားလည်းကောင်း၊ ရန်ကုန်–မန္တလေးလမ်း မိုင်တိုင်(၁၄၂/၆)မိုင်ရှိ ဖြူးချောင်းတံတားသို့ ရောက်ရှိ၍ ဖြူးချောင်းရေစီးရေလာကောင်းမွန်မှုနှင့် ဖြူးချောင်းအား စက်ယန္တရားများဖြင့် ချောင်းဖြောင့် တူးဖော်ဆောင်ရွက်နေမှု အခြေအနေများတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ လိုက်လံရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း တာမွေမြို့နယ် နတ်ချောင်း ရပ်ကွက်ရှိ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးဝင်းအတွင်း အသစ် ဆောက်လုပ်မည့် ဝိသာခါ နှစ်ထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ ငွေကြာရံ ရိပ်သာ ဂန္ဓမာလမ်း (၃) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်ကြည်ကြည်နှင့်သား သမီးမြေးမိသားစုက နှစ်ဖက်မိဘများအမှူးထားပြီး ဗိုလ်ချုပ်တင်ထွန်း(ငြိမ်း)အားရည်စူး၍ အလှူတော်ငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇနိတမထေရ်မြတ်က အနုမောဒနာ ရေစက်ချချီးမြှင့်ကာ ဂေါပကအလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က လက်ခံယူစဉ်။ (က–ပ)

The Live News ဂျာနယ် အမှတ်(၄၀)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၁

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ်ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၄၀)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

မြို့တွင်းခရီးသည်ပို့ဆောင်ရေးနှင့် ၄၀–၆၀ ကိစ္စ၊ မြန်မာဘာသာဖြင့် မိသားစုစွယ်စုံကျမ်း စတင်ပြုစု၊ အဆင့်မြင့်အဆောက်အအုံမှသည် ကမ္ဘာ့အဆင့်မီ အဆောက်အအုံဆီသို့၊ အဆောက်အအုံဆောက်လုပ်လိုလျှင် ရေစီးရေလာနှင့် အမှိုက်စွန့်စနစ် အတည်ပြုချက်ရယူရန်လို၊ မက္ခရာမင်းသားကြီး၏ စာကြည့်တိုက်၊ ကလားနဲ့ သန်ဗယာ၊ စီးပွားရေးမြို့တော် အစ ကုန်သည်လမ်းက၊ မူပိုင်ခွင့်နှင့် အမျိုးသားရေးတာဝန်၊ လက်ဆောင်မွန်၊ ဘေဘဲလ်(Babel)၊ ဂါဇာကမ်းမြောင်မှာ ဟာ်ဿ ကိုးသောင်းဇာတ်ခင်းနေသည့် ပါလက်စတိုင်းများ၊ တစ်ကျော့ပြန်စစ်အေးလမ်းကြောင်းကို အရှိန်လျှော့လိုက်သည့် ရုရှား၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကွတ်ဝါးဟိုင်းမ်ကွယ်လွန်၊ နှိုင်းယှဉ်ကြည့်စရာ အီရတ်နှင့် ဗီယက်နမ်စစ်ပွဲနှစ်ဖြာ၊ စိတ်ဖိစီးမှု စီမံခန့်ခွဲခြင်း(A to Z)၊ တက္ကစီမင်းနှင့် ကိုရီးယားချစ်သူ၊ ၂၀၀၇ခုနှစ် ဇွန် ၂၃ ရက်မှ ဇွန် ၂၉ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများကို ပါရဂူ၊ မောင်ခင်မင်(ဓနုဖြူ)၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မောင်မြင့်သိဏ်း(မင်းကင်း)၊ မော်မြတ်မွန်(ဆူးလေ)၊ သျှီ(အင်ကြင်း)၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့်အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာ တင်ဆက်ထားသည်။

ဆက်သွယ်နိုင်

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း– ၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

■ ကျောဖုံးမှ

တိုက်ကွမ်ဒိုလေ့ကျင့်ရေးခန်းမအတွင်း အားမာန်အပြည့်ဖြင့် လေ့ကျင့်နေကြသော တိုက်ကွမ်ဒိုကစားသမား မောင်မယ်များကိုတွေ့ရသည်။ ထို့နောက် မကြာမီ ဆင်နွှဲရတော့မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင် တိုက်ကွမ်ဒို ကစားသမားများနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ

“အခုပွဲမှာ ဆုရအောင် ကြိုးစားသွားမှာပါ”
မောင်ဝင်းထွန်းလင်း

တိုက်ကွမ်ဒိုအဖွဲ့ချုပ် အတွင်းရေးမှူး ဦးတင်ဝင်းနှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ဦးတင်ဝင်းက “အခုလက်ရှိ ပဏာမရွေးချယ်ထားတာကတော့ အမျိုးသား၁၁ ဦးနဲ့ အမျိုးသမီး ခုနစ်ဦးပါ၊ ရန်ကုန်တိုင်း၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းက အားကစားသမားတွေပါတယ်၊ သူတို့ကို ပြည်နယ်တိုင်းပြိုင်ပွဲတွေက ရွေးချယ်ခေါ်ယူထားတာပါ၊ နောက်ပြီး ကာကွယ်ရေးဦးစီးချုပ်ဖလား(ကြည်း၊ရေ၊လေ)ပြိုင်ပွဲက ဆုရရှိသူများနဲ့ တိုက်ကွမ်ဒိုအဖွဲ့ချုပ် လက်ရွေးစင်ဟောင်းတွေလဲ ပါဝင်တယ်”ဟု ဖြေကြားသည်။

အပြီးသတ်ရွေးချယ်မှု

ယခုရွေးချယ်ခံထားရသူများမှာ ပြိုင်ပွဲများ၌ ပထမနှင့် ဒုတိယရရှိခဲ့သူများဖြစ်ပြီး ၎င်းတို့၏ စွမ်းဆောင်ရည်ကောင်းမှုအပေါ် စိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ တိုက်ကွမ်ဒိုကစားသမားများ စခန်းသွင်း လေ့ကျင့်မှုနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အတန်းများနှင့် ပတ်သက်၍လည်း “ပဏာမ ရွေးချယ်ထားတဲ့ အားကစားသမားတွေကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၁၅ ရက်ကစပြီး စခန်းသွင်းလေ့ကျင့်ခဲ့တာပါ၊ နည်းပြက တောင်ကိုရီးယားနိုင်ငံသား ဖြစ်ပါတယ်။ ပါဝင်ယှဉ်ပြိုင်မယ့် အတန်းတွေကတော့ ပင်းဝိတ်တန်း၊ ဖလိုင်းဝိတ်တန်း၊ ဘင်တန်ဝိတ်တန်း၊ ဖယ်သာဝိတ်တန်း၊ လိုက်ဝိတ်တန်း၊ ဝယ်လ်တာဝိတ်တန်းနဲ့ မစ်ဒယ်ဝိတ်တန်းတွေမှာ ပါဝင်ယှဉ်ပြိုင်သွားမှာပါ၊ အပြီးသတ်လူရွေးချယ်မှုကိုတော့ လာမယ့် အောက်တိုဘာလောက်မှာ ပြုလုပ်သွားမယ်”ဟု ဦးတင်ဝင်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

မျှော်မှန်းထား

၁၉၈၉ ခုနှစ် ဇွန် ၁၂ရက်၌ မြန်မာတိုက်ကွမ်ဒိုအဖွဲ့ချုပ်အဖြစ် တရားဝင်ရပ်တည်နိုင်ခဲ့ပြီး ၁၉၈၉ ခုနှစ် (၁၅)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အပြည်ပြည်ဆိုင်ရာ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် စုစုပေါင်း ရွှေ ၁၂ခု၊ ငွေကိုးခုနှင့် ကြေးတံဆိပ် ၄၄ ခုတို့ ရရှိခဲ့ပြီးဖြစ်ကြောင်းသိရသည်။ ယခုပါဝင်ယှဉ်ပြိုင်မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်သုံးခုခန့်ရရှိမည်ဟု မျှော်မှန်းထားသည်။

ရွေးချယ်စေလွှတ်

ယခုလက်ရှိ စခန်းဝင်လေ့ကျင့်နေသော တိုက်ကွမ်ဒိုကစားသမားများ လေ့ကျင့်မှု၌ စိတ်အာရုံနစ်မြုပ်မှု ပိုမိုရှိစေရန် ကစားသမားများအား လစာငွေများ ကောင်းစွာထောက်ပံ့ပေးထားသလို နည်းပြများကိုလည်း လစာငွေများ ထောက်ပံ့ပေးထားကြောင်း၊ အားကစားဝတ်စုံအပိုများအပြင် အဝတ်လျှော်စက်လည်း တပ်ဆင်ပေးထားကြောင်း ၎င်းမှာ အချိန်ကုန်သက်သာရန်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့်စည်းကမ်းများ ဖောက်ဖျက်လျှင် ထုတ်ပယ်ခံရမည်ဖြစ်ကြောင်း၊ အရည်အချင်းပြည့်ဝသူ၊ စိတ်ဓာတ်ကောင်းမွန်သူ၊ ဆုရရှိနိုင်သူများကိုသာ ရွေးချယ်စေလွှတ်မည်ဖြစ်ကြောင်း ဦးတင်ဝင်းက ဆက်လက်ပြောကြားသည်။

အတွေ့အကြုံရဖို့

ထို့နောက် တောင်ကိုရီးယားနည်းပြဆရာ မစ္စတာယူအင်ချိုနှင့် တွေ့ဆုံကာ မြန်မာ့တိုက်ကွမ်ဒို အားကစားသမားများ အခြေအနေကို မေးမြန်းရာ “အရှေ့တောင်အာရှပြိုင်ပွဲဝင်တွေအနေနဲ့ကတော့ မြန်မာအားကစားသမားတွေ အရပ်နည်းနည်းနိမ့်တာကလွဲပြီး ကျန်တာသိပ်မရှိပါဘူး၊ စိတ်ဓာတ်နဲ့ ကြိုးစားလေ့ကျင့်မှုကောင်းကြတယ်၊ စိတ်ဓာတ်ပိုင်း ဒီထက်ပိုကောင်းအောင် လေ့ကျင့်ပေးဦးမယ်။ အရေးကြီးတာက နိုင်ငံတကာပွဲတွေ များများယှဉ်ပြိုင်ပြီး အတွေ့အကြုံရဖို့ပါပဲ”ဟု ဖြေကြားသည်။

မေးမြန်း

မစ္စတာယူအင်ချိုသည် မြန်မာနိုင်ငံတိုက်ကွမ်ဒိုနည်းပြအဖြစ် ၂၀၀၄ ခုနှစ် ဒီဇင်ဘာမှ စတင်ကာတာဝန်ယူခဲ့

သူဖြစ်ပြီး ၂၀၀၅ ခုနှစ်က ဖိလစ်ပိုင်တွင် ကျင်းပခဲ့သည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ မြန်မာအသင်းနှင့်အတူ လိုက်ပါခဲ့သူဖြစ်သည်။ မစ္စတာယူအင်ချိုအား တိုက်ကွမ်ဒို ကစားသမားများအား လေ့ကျင့်ပေးမှု၌ အခက်အခဲကို မေးမြန်းရာ“ဒီမှာရာသီဥတုကအရမ်းပူတော့ လေ့ကျင့်မှုကို တိုးမြှင့်လုပ်လို့မရဘူး”ဟု ဖြေကြားသွားသည်။

လေ့ကျင့်မှုအားရ

အရှေ့တောင်အာရှတွင် တိုက်ကွမ်ဒိုအားကစား၌ ထိုင်း၊ ဗီယက်နမ်နှင့် ဖိလစ်ပိုင်တို့သည် အတိုးတက်ဆုံးဖြစ်ပြီး မြန်မာအားကစားသမားများ၏ ပြိုင်ဘက်ကောင်းများလည်းဖြစ်သည်။ ထို့နောက် ပဏာမရွေးချယ်ထားသော တိုက်ကွမ်ဒိုကစားသမားများအနက် စိုးစိုးမြာအား တွေ့ဆုံမေးမြန်းရာ “ဆီးဂိမ်းပြိုင်ပွဲဝင်ခဲ့တာ လေးကြိမ်ရှိပါပြီ၊ ငွေတံဆိပ်နှစ်ခု ရရှိခဲ့ပါတယ်၊ အဲဒါကတော့ ၂၀၀၃ ခုနှစ်နဲ့ ၂၀၀၅ ခုနှစ် ပြိုင်ပွဲတွေမှာပါ၊ ပြိုင်ဘက်တွေမှာ ထိုင်းနဲ့ဗီယက်နမ်တို့က တိုးတက်ကြပါတယ်၊ သူတို့က ပြိုင်ပွဲဝင်မှုလဲ များကြတယ်၊ ဒီနှစ် လေ့ကျင့်မှုကတော့အားရပြီး ရွှေတံဆိပ်ရမယ်လို့လဲ မျှော်မှန်းထားပါတယ်၊ ပြိုင်မယ့်ဝိတ်တန်းကတော့ ဖလိုင်းဝိတ်တန်းပါ”ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

အကောင်းဆုံးဖြစ်အောင်ကြိုးစား

စိုးစိုးမြာသည် မိမိကိုယ်မိမိ ယုံကြည်မှု ဟန်အပြည့်ရှိနေသည်။ လေ့ကျင့်မှုကိုလည်း အင်တိုက်အားတိုက်လုပ်လျက်ရှိသည်။ ထို့နောက်လေ့ကျင့်နေသော တိုက်ကွမ်ဒို

“ပဏာမလက်ရွေးစင်အဖြစ် ပထမဆုံးအရွေးခံရတာပါ”
မစန္ဒာဝင်း

မျှော်မှန်းထား

“ရွှေတံဆိပ်ရရှိမယ်လို့ မျှော်မှန်းထားပါတယ်”
မစိုးစိုးမြာ

ကစားသမားတစ်ဦးဖြစ်သူ မောင်စိုးမိုးလွင်နဲ့ တွေ့ဆုံမေးမြန်းရာ တိုက်ကွမ်ဒိုကို ၁၉၉၅ ခုနှစ်မှ စတင်ကစားပါတယ်၊ မြန်မာ့လက်ရွေးစင်အဖြစ် သုံးကြိမ်အရွေးခံရပေမယ့် တစ်ကြိမ်ပဲ ဆီးဂိမ်းကိုသွားရောက်ယှဉ်ပြိုင်ရပါတယ်၊ အဲဒီဖိလစ်ပိုင်ဆီးဂိမ်းပွဲမှာ ကြေးတံဆိပ်ရခဲ့ပါတယ်။ ကျွန်တော်က စခန်းသွင်း လေ့ကျင့်မှုမရှိတဲ့အချိန် သုဝဏ္ဏလေ့ကျင့်ရေးကွင်းမှာ အမြဲတမ်းသွားကစားတာမို့ လေ့ကျင့်မှုကတော့ မပြတ်ပါဘူး၊ ဒီနှစ်အကောင်းဆုံးဖြစ်အောင် ကြိုးစားနေပါတယ်”ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

တစ်ဖန် ပဏာမရွေးချယ်ထားသာ အသက် ၁၈ နှစ်အရွယ် မစန္ဒာဝင်းအား ဆက်လက်မေးမြန်းရာ တိုက်ကွမ်ဒိုကို အသက်ကိုးနှစ်အရွယ်ကစပြီး ဝါသနာအရ ကစားခဲ့တာပါ။

ရွှေတံဆိပ်ယူပေးချင်

မြန်မာ့လက်ရွေးစင်အဖြစ် ပထမဆုံး ရွေးချယ်ခံရခြင်းပါပဲ။ နည်းစနစ်ပိုင်းတွေ ကြိုးစားလေ့ကျင့်နေပါတယ်။ တောင်ကိုရီးယားနည်းပြကလဲ အသင်အပြ ကောင်းတာမို့ လေ့ကျင့်ရတာ အခက်အခဲမရှိပါဘူး။ သမီးပြိုင်ရမယ့် အတန်းက ပင်းဝိတ်တန်းပါ၊ နိုင်ငံအတွက် ရွှေတံဆိပ်ယူပေးချင်ပါတယ်”ဟု ရွှင်ပြုံးစွာ ဖြေကြားသွားသည်။

အစွမ်းကုန်ကြိုးစား

ထို့နောက် လိုက်ဝိတ်တန်း တိုက်ကွမ်ဒိုပြိုင်ပွဲဝင်ရန် လေ့ကျင့်နေသော မောင်ဝင်းထွန်းလင်းကလည်း “တိုက်ကွမ်ဒို

နွေရာသီသင်တန်းတွေကို ငယ်စဉ်ကတည်းက တက်ရောက်လေ့ကျင့်ခဲ့ပါတယ်။ ၁၉၉၅ ခုနှစ်မှ တကယ်တမ်း ကစားတာပါ။ ဖိလစ်ပိုင်ဆီးဂိမ်းမှာ အရွေးခံရပြီး သွားပြိုင်ခဲ့ပေမယ့် ဆုမရခဲ့ပါဘူး။ အခုပွဲမှာ ဆုရရှိဖို့ အစွမ်းကုန်ကြိုးစားနေပါတယ်”ဟု ပြောကြားသွားသည်။

အားနှင့်မာန်နှင့်

အားနှင့်မာန်နှင့် အော်ဟစ်ကာ လေ့ကျင့်နေကြသော မြန်မာ့တိုက်ကွမ်ဒို ကစားသမားများကား လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်များဆွတ်ခူးပေးနိုင်မည်ဟု မျှော်လင့်ပါကြောင်း တွေ့ဆုံမေးမြန်းဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

အမြင့်ဆုံးဆု

“ဒီနှစ် လေ့ကျင့်မှုအကောင်းဆုံးရှိနေတာမို့ အမြင့်ဆုံးဆုတံဆိပ် မျှော်မှန်းနေပါတယ်”
မောင်စိုးမိုးလွင်

လေ့ကျင့်

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဆင်နွှဲရန် ပဏာမ ရွေးချယ်ထားသော တိုက်ကွမ်ဒိုကစားသမားများ လေ့ကျင့်နေကြစဉ်။

ဆိုနီအဲရစ်ဆင် ဖုန်းထုတ်လုပ်ရေးကုမ္ပဏီ ပေကျင်း၌ အခြေစိုက်စက်ရုံစတင်တည်ဆောက်

ပေကျင်း ဇွန် ၂၁

ကမ္ဘာ့မိုဘိုင်းလ်ဖုန်း အများဆုံးထုတ်လုပ်နေသော ဆိုနီအဲရစ်ဆင်ကုမ္ပဏီက ကမ္ဘာ့မိုဘိုင်းလ်ဖုန်းများလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်ရန် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ဇွန် ၁၈ ရက်က စက်ရုံသစ်တစ်ရုံကို စတင်တည်ဆောက်နေပြီ ဖြစ်သည်။

မြှင့်တင်ပေးနိုင်

ယင်းစက်ရုံသည် ဧရိယာစတုရန်းမီတာ ၁၈၅၀၀ ကျယ်ဝန်းပြီး လက်ကိုင်မိုဘိုင်းလ်ဖုန်းများ ထုတ်လုပ်သွားမည်ဟု ဆိုသည်။ ယင်းစက်ရုံကို တည်ဆောက်ဖွင့်လှစ်ခြင်းဖြင့် တရုတ်နိုင်ငံ၏ ဆက်သွယ်ရေးအဆင့်အတန်းကို မြှင့်တင်ပေးနိုင်လိမ့်မည် ဖြစ်ကြောင်း၊ ယင်းစက်ရုံသည် မိုဘိုင်းလ်ဖုန်းလုပ်ငန်းများ တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တရုတ်နိုင်ငံအနေဖြင့် ကျေနပ်မှုရရှိစေလိမ့်မည်ဖြစ်ကြောင်း အဲရစ်ဆင်ဥက္ကဋ္ဌ ဂူနီယာနော့စထရောင်းက ပြောကြားသည်။

ယင်းစက်ရုံသည် ပေကျင်းမြို့ရှိ စက်ရုံနှစ်ရုံကြားတွင်တည်ရှိသည်။ အဆိုပါစက်ရုံနှစ်ရုံမှာ ဘီအမ်စီကုမ္ပဏီနှင့် ဘီအက်စ်အီး ဖုန်းထုတ်လုပ်ရေးကုမ္ပဏီများ၏ စက်ရုံများဖြစ်ကြောင်းသိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံ ဒေါ့မွန်မြို့တွင် အာဖရိက ဆပ်ကပ်အဖွဲ့၏ စွမ်းရည်ပြသမှုကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒုတိယအကြိမ်မြောက် တရုတ်-အာရပ် စီးပွားရေးညီလာခံ ဂျော်ဒန်နိုင်ငံ အမ္မန်မြို့၌ကျင်းပ

အမ္မန် ဇွန် ၂၁

ဒုတိယအကြိမ်မြောက် တရုတ်-အာရပ်စီးပွားရေးလုပ်ငန်းရှင်များ၏ညီလာခံကို ဂျော်ဒန်နိုင်ငံ အမ္မန်မြို့၌ ဇွန် ၁၈ ရက်က စတင်ကျင်းပသည်။ အဆိုပါညီလာခံသို့ တရုတ်နှင့် အာရပ် ၁၆ နိုင်ငံမှ စီးပွားရေး လုပ်ငန်းရှင် ၁၀၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးခဲ့

နှစ်ရက်ကြာကျင်းပသည့် တရုတ်-အာရပ်စီးပွားရေးလုပ်ငန်းရှင်များညီလာခံ၌ စွမ်းအင်၊ ကုန်သွယ်ရေး အလယ်အလတ်နှင့် အသေးစား စီးပွားရေးစီမံကိန်းများ အပါအဝင် ကဏ္ဍအများအပြား ဆွေးနွေးခဲ့ကြသည်။

ထို့အတူ နှစ်ဖက်စလုံးမှ စီးပွားရေးလုပ်ငန်းရှင်များက ညီလာခံအတွင်း စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စွမ်းအင်ကဲ့သို့သော ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်များကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။

အထောက်အကူပေး

ယခုကျင်းပသည့် ညီလာခံသည် တရုတ်နှင့်အာရပ်ကမ္ဘာအကြား ကုန်သွယ်မှုဆက်ဆံရေးအပြန်အလှန် တိုးတက်မြင့်မားလာစေရန်နှင့် နားလည်မှုပိုမိုရရှိစေရန် အထောက်အကူပေးမည်ဖြစ်ကြောင်း တရုတ်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ဖြစ်သည့် လျှိုဟိုကိုင်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ရဲနှင့် သေနတ်သမားများ အီရတ်တောင်ပိုင်း၌ တိုက်ပွဲဖြစ်ပွား

ဘဂ္ဂဒက် ဇွန် ၂၁

အီရတ်နိုင်ငံတောင်ပိုင်း နက်ဆီရီယာမြို့၌ ရှီးယိုက်ဘာသာရေး ခေါင်းဆောင်ဟော့တာဒါအယ်ဆာဒါးအား သစ္စာခံသည့် သေနတ်သမားများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များ နှစ်ရက်ကြာ အပြင်းအထန်တိုက်ပွဲဖြစ်ပွားစဉ် ၂၃ဦး သေဆုံးပြီး ၁၁၀ ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံမှဆရာဝန်တစ်ဦးက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

ဒေသဆိုင်ရာ ရဲတပ်ဖွဲ့မှူးအား သေနတ်သမားများက တိုက်ခိုက်သည်ကို လက်တုံ့ပြန်သည့်အနေဖြင့် ရဲတပ်ဖွဲ့က နက်ဆီရီယာမြို့ရှိ ဆာဒါး၏ရုံးကို ဇွန် ၁၇ ရက် ညတွင် တိုက်ခိုက်ရာမှ စတင်တိုက်ပွဲဖြစ်ပွားသည်။

သေဆုံး

သေဆုံး၊ ဒဏ်ရာရသူများတွင် အမျိုးသမီးများ၊ ကလေးသူငယ်များ အပါအဝင် အရပ်သား အများအပြား ပါဝင်ကြောင်း ဆရာဝန်က ပြောကြားသည်။

ကင်းစင်

နက်ဆီရီယာမြို့မှာ ဇွန် ၁၉ ရက်တွင် တိုက်ပွဲကင်းစင်လျက်ရှိသည်ဟု ဒေသခံများက ပြောဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အစ္စရေး တင့်ကားများ ဂါဇာကမ်းမြောင်ဒေသသို့ ဝင်ရောက်လာ

ဂါဇာ ဇွန် ၂၁

အစ္စရေးတင့်ကားများသည် ဇွန် ၁၉ ရက်က ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ဝင်ရောက်လာရာ ထွက်ပြေးရန် ကြိုးစားသည့် ပါလက်စတိုင်း ၁၅၀ ကိုလည်း ဖမ်းဆီးလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ထိုသို့ တင့်ကားများ ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ဝင်ရောက်ခြင်းမှာ လက်နက်ကိုင် သေနတ်သမားများပစ်ခတ်သောအန္တရာယ်မှ ကာကွယ်ရန်အတွက်ဖြစ်ကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားသည်။

ဟားမတ်စ် လက်နက်ကိုင်များနှင့် အဘက်စ်၏ ဖတာအုပ်စုများအကြား အကြမ်းဖက်မှုများကြောင့် ဒဏ်ရာရရှိသူများကို ကယ်တင်နိုင်ရန် အစ္စရေးအရပ်ဘက်ဆေးအဖွဲ့ဝင်များလည်းအသင့်ပါလာသည်ဟု ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် အပျက်အစီးများကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

နာရာသီဝပ်ပြည်နယ်၌ လမ်းဘေးဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဗန်ကောက် ဇွန် ၂၁

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ် ပြည်နယ်အတွင်း ဇွန် ၁၈ ရက် နံနက်က အကြမ်းဖက်သမားများ လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုကြောင့် အစိုးရတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိသွားသည်။

ပေါက်ကွဲ

ဒေသစံတော်ချိန် ဇွန် ၁၈ ရက် နံနက် ၁၀ နာရီခွဲက တာဘိုင်ခရိုင် ယူရိုကျေးရွာအတွင်း အစိုးရတပ်ဖွဲ့ဝင်ခြောက်ဦးတို့ ကင်းလှည့်စဉ် လမ်းဘေးဗုံးပေါက်ကွဲသွားခြင်းဖြစ်သည်ဆိုသည်။

တင်ပို့

အစိုးရတပ်ဖွဲ့ဝင်နှစ်ဦးမှာ ဗုံးစများထိမှန်ပြီး ဒဏ်ရာရရှိသဖြင့် ခရိုင်ဆေးရုံသို့ တင်ပို့လိုက်ရသည်။

နာရာသီဝပ်ပြည်နယ်၊ အိမ်နီးချင်း ယာလာပြည်နယ်နှင့် ပတ္တနီပြည်နယ်တို့တွင် အကြမ်းဖက်သမားများ မကြာခဏ ထကြွသောင်းကျန်းသည်ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ ဂျာဗား ပြည်နယ် ဘန်ဒေါင်းမြို့ရှိ အထည်ချုပ် စက်ရုံ၏ လုပ်ငန်းခွင်ကို ဇွန် ၂၀ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့အမြင့်ဆုံး အဝေးပြေးကားလမ်း တရုတ်ဖောက်လုပ်မည်

လာဆာ ဇွန် ၂၁

တရုတ်နိုင်ငံအနောက်တောင်ပိုင်း တိဗက်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဧဝရက်တောင်ထိပ်ပေါ်သို့ အဝေးပြေးမော်တော်ကားလမ်းတစ်ခုကို တရုတ်နိုင်ငံက ဖောက်လုပ်မည်ဖြစ်သည်။ အမြင့်မီတာ ၅၂၀၀ ရှိသော ဧဝရက်တောင်ခြေစခန်းမှ ဖောက်လုပ်မည့် အဆိုပါ အဝေးပြေးမော်တော်ကားလမ်းကို အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၇ သန်း အကုန်အကျခံ သုံးစွဲမည်ဖြစ်သည်။

အဆိုပါ အဝေးပြေးလမ်းဖောက်လုပ်ရေးစီမံကိန်းသည် ပြီးစီးရန် လေးလခန့် ကြာမြင့်မည်ဖြစ်သည်။ ၎င်းအဝေးပြေးလမ်းဖောက်လုပ်ပြီးစီးသွားပါက ဧဝရက်တောင်ထိပ်သို့ တက်ရောက်ကြမည့် တောင်တက်သမားများနှင့် ကမ္ဘာလှည့်ခရီးသည်များအတွက် အဓိကအသုံးပြုရာ လမ်းမကြီးဖြစ်လာမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အမေရိကန်တွင် ပရိဘောဂဆိုင် မီးလောင် မီးသတ်သမား ကိုးဦးသေဆုံး

ချာလီစတန် ဇွန် ၂၁

အမေရိကန်နိုင်ငံ ကာရိုလိုင်းနားပြည်နယ် ချာလီစတန်မြို့တွင် ဇွန် ၁၈ ရက်ညက ပရိဘောဂဆိုင်နှင့် ဂိုဒေါင် မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ မီးသတ်သမား ကိုးဦး သေဆုံးခဲ့ကြောင်း သိရသည်။

ပြောကြား

ဂိုဒေါင်အတွင်း ပရိဘောဂများနှင့် ပြည့်နေကြောင်း၊ အဆောက်အအုံမှာ မီးသတ်သမား ကိုးဦးအပေါ် ပြိုကျ၍ အားလုံးပွဲချင်းပြီး သေဆုံးခဲ့ကြောင်း မီးသတ်တပ်ဖွဲ့ အကြီးအကဲတစ်ဦးက ဇွန် ၁၉ ရက်၌ ရိုက်တာသို့ ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ရုရှား တိုက်လေယာဉ်ရောင်းချမှု ဒေါ်လာ ၁၂ဘီလီယံရရှိရန် မျှော်မှန်း

မော်စကို ဇွန် ၂၁

ရုရှားနိုင်ငံက ၂၀၂၀ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၀ဘီလီယံမှ ၁၂ဘီလီယံကြား တန်ဖိုးရှိ အသစ်တီထွင်ထုတ်လုပ်လိုက်သော မိဂ်ျတိုက်လေယာဉ် အစင်း ၃၅၀ ထုတ်လုပ်ရောင်းချရန် မျှော်မှန်းထားကြောင်း ဇွန်၁၈ရက်က ရုရှားတိုက်လေယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီဖြစ်သော မိဂ်ျကုမ္ပဏီ၏ ထုတ်ပြန်ချက်ကို ရုရှားသတင်းအေဂျင်စီက ကိုးကား ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

သြစတြေးလျက ဆော်လမွန်ကျွန်းသို့ ငွေကြေးနှင့် အကူအညီများပေးမည်

ကင်ဘာရာ ဇွန် ၂၁

ဆော်လမွန်ကျွန်းနိုင်ငံတွင် ပြီးခဲ့သည့်ဧပြီလက ငလျင်လှုပ်မှုနှင့် ဆူနာမီဒဏ်ခံရမှုတို့ကြောင့် အကူအညီနှင့် ငွေကြေးရန်ပုံငွေများ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သြစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန္ဒားဒေါင်နာက ဇွန် ၁၈ ရက်၌ ပြောကြားလိုက်သည်။

သြစတြေးလျနိုင်ငံ အနေဖြင့် ဆော်လမွန်ကျွန်းနိုင်ငံ၌ ဆူနာမီ ဘေးဒုက္ခမှ သက်သာစေရန်အတွက် ကူညီထောက်ပံ့ငွေ အမေရိကန် ဒေါ်လာ ၂ဒသမ ၃သန်းနှင့် အခြားထောက်ပံ့ပစ္စည်းများအပါအဝင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၄ဒသမ ၈သန်းကို ကူညီပေးသွားမည် ဖြစ်သည်။

လွှဲပြောင်းပေး

အဆိုပါ ငွေကြေးများကို ဆော်လမွန်ကျွန်းနိုင်ငံ ချွိုဆူးလ်ပြည်နယ်နှင့် ဆော်လမွန်ကျွန်း အနောက်ပိုင်းဒေသများ၌ ကျန်းမာရေးအခြေခံအဆောက်အအုံများ တည်ဆောက်ရန်အပြင် အခြားထူထောင်ရေးကိစ္စရပ်များ ဆောင်ရွက်ရန် ဆော်လမွန်ကျွန်းနိုင်ငံ၏ ကျန်းမာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးသွားမည် ဖြစ်သည်။

ထို့အပြင် ကျန်းမာရေးဝန်ထမ်းများ၏ နေအိမ်များ တည်ဆောက်ပေးရာတွင်လည်း ထိုငွေကြေးများကို သုံးစွဲသွားမည်ဖြစ်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ပေကျင်းမြို့၌ ကမ္ဘာလှည့်ခရီးသည် ရောက်ရှိမှု ယခုနှစ်ပထမငါးလအတွင်း မြင့်တက်

ပေကျင်း ဇွန် ၂၁

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ယခုနှစ် ပထမငါးလအတွင်း ကမ္ဘာလှည့် ခရီးသည် ၁ဒသမ ၆သန်းရောက်ရှိရာ ယခင်နှစ် အလားတူကာလကထက် ၁၁ဒသမ ၈ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း ဇွန် ၁၉ ရက်က အစိုးရတပ်ဖွဲ့၏ စာရင်းအင်း၌ ဖော်ပြသည်။

ဖော်ပြ

အဆိုပါ ခရီးသွားဧည့်သည်များတွင် ဟောင်ကောင်မှ ၂၂၀၀၀၀၊ မကာအိုနှင့် တရုတ်(တိုင်ပေ)မှ ခရီးသွားအားလုံး၏ ၇ဒသမ ၁ ရာခိုင်နှုန်းနှင့် အခြားပြည်ပတိုင်းပြည်များမှ ၁ဒသမ ၃၈သန်း ရှိကြောင်း ပေကျင်းမြို့ရှိ စည်ပင်သာယာရေး စာရင်းအင်းရုံး၏ စာရင်းဇယား၌ ဖော်ပြသည်။

ပေကျင်းမြို့သို့ ပြည်ပနိုင်ငံများမှ ခရီးသွားရောက်ရှိမှု၌ ဂျပန်၊ အမေရိကန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ၃၈ဒသမ ၈ရာခိုင်နှုန်းရှိကြောင်း အဆိုပါစာရင်းတွင်ပါရှိသည်။ ယခင်လက ပေကျင်းမြို့သို့ ကမ္ဘာလှည့်ခရီးသည် ၄၀၀၀၀၀ ကျော်ရောက်ရှိရာ နှစ်စဉ်ပြည်ပခရီးသွား လာရောက်မှုသည် ၉ဒသမ၈ ရာခိုင်နှုန်း မြင့်တက်လျက်ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံအရှေ့ပိုင်း ချဲ့ကျောင်းပြည်နယ်ရှိ ယဉ်ကျေးမှုပြတိုက်၌ ပြသထားသည့် ဝါးဖြင့်ပြုလုပ်ထားသော ပန်းပုရုပ်တုကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

လက်ဘနွန်၌ တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား

နာအယ်ဘရက် ဇွန် ၂၁

လက်ဘနွန်နိုင်ငံမြောက်ပိုင်း ပါလက်စတိုင်းဒုက္ခသည်များစခန်းတစ်ခု၌ ဇွန် ၁၉ ရက်က လက်ဘနွန်တပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ အပြန်အလှန်ပစ်ခတ်မှုကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း လက်ဘနွန် လုံခြုံရေးသတင်းရပ်ကွက်များက ပြောကြားသည်။

တိုက်ခိုက်မှု

ထို့အတူ ယခင်ရက်များက ပစ်ခတ်တိုက်ခိုက်မှုများအတွင်း ဒဏ်ရာရရှိခဲ့သော အခြားလက်ဘနွန်တပ်ဖွဲ့ဝင်တစ်ဦးလည်း ဇွန် ၁၉ ရက်၌ သေဆုံးခဲ့ကြောင်း သိရသည်။

မျက်မြင်တွေ့ရှိ

အဆိုပါ ဒုက္ခသည်စခန်းအတွင်းသို့ ဇွန် ၁၉ ရက် နံနက်ပိုင်းက လက်ဘနွန်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒုက္ခသည်စခန်း၌ မီးခိုးလုံးကြီးများ တက်လျက်ရှိသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

လေ့ကျင့်ပေး

လက်ဘနွန်တပ်ဖွဲ့ဝင်များက အဆိုပါဒုက္ခသည်စခန်းမှာ ဖာတာလက်နက်ကိုင်များ၏ လက်နက်များ သိုလှောင်ရာ စခန်းတစ်ခုအဖြစ် လည်းကောင်း၊ စစ်သွေးကြွများအား လေ့ကျင့်ပေးရာ စခန်းတစ်ခုအဖြစ်လည်းကောင်း ယူဆသဖြင့် ယခုကဲ့သို့ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သီတင်းငါးပတ်အတွင်း ရောက်ရှိလာသော အဆိုပါ တိုက်ခိုက်မှုအတွင်း အရပ်သား ၃၂ ဦး၊ စစ်သွေးကြွ ၅၇ဦးကျော်နှင့် လက်ဘနွန်တပ်ဖွဲ့ဝင် ၇၃ ဦးသေဆုံးခဲ့ရပြီး ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ပါလက်စတိုင်း အမျိုးသားလုံခြုံရေးကောင်စီကို သမ္မတမာမွတ်အဘက်စ် ဖျက်သိမ်း

ရာမာလာ ဇွန် ၂၁

ပါလက်စတိုင်း သမ္မတမာမွတ်အဘက်စ်က ပါလက်စတိုင်း အမျိုးသားလုံခြုံရေးကောင်စီအား ဖျက်သိမ်းသည့် အမိန့်တစ်ရပ်ကို ဇွန် ၁၉ ရက်က ထုတ်ပြန်လိုက်သည်။

ပါလက်စတိုင်း အမျိုးသားလုံခြုံရေးကောင်စီကို ပါလက်စတိုင်း ဖာတာအုပ်စုခေါင်းဆောင် မာမွတ်အဘက်စ်နှင့် ဟားမတ်စ်အုပ်စုမှ ဝန်ကြီးချုပ် အစ္စမေးဟာနီယာတို့ မတ်လကုန်ပိုင်းက ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ခန့်အပ်

မာမွတ်အဘက်စ်က အမျိုးသားလုံခြုံရေး ကောင်စီအသစ်ဖွဲ့စည်းရန် အမိန့်ပေးလိုက်ပြီး ပါလက်စတိုင်း အမျိုးသားလုံခြုံရေးကောင်စီဥက္ကဋ္ဌအဖြစ် အရေးပေါ်အစိုးရ ဝန်ကြီးချုပ် ဆလမ်ဖေယက်အား ခန့်အပ်ကြောင်း သမ္မတရုံး သတင်းရပ်ကွက်က ပြောကြားသည်။

ဂါဇာကမ်းမြောင်ကို ဟားမတ်စ် စစ်သွေးကြွအုပ်စု အကြမ်းဖက်သိမ်းယူပြီးနောက် ဟားမတ်စ်အုပ်စု ဦးဆောင်သည့် ပါလက်စတိုင်း ညီညွတ်ရေးအစိုးရအား ဖျက်သိမ်းပြီး ဟားမတ်စ်အုပ်စုက မတရားအသင်းကြေညာသည့် အမိန့်များကို မာမွတ်အဘက်စ်က ထုတ်ပြန်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

အရောင်းခန်းမ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆိုနီကုမ္ပဏီ၏ အရောင်းခန်းမတစ်ခု၌ ဒီဗွီဒီစက်အား အရောင်းဝန်ထမ်းတစ်ဦးက ပြသနေသည်ကို ဇွန် ၁၉ ရက်၌ တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)



ကာကွယ်ရေးအခိုင်အမာ တည်ဆောက်မည်ဟု ကက်စထရို ပြောကြား

ဟာဗားနား ဇွန် ၂၁

ကျူးဘားနိုင်ငံသည် အမေရိကန်နိုင်ငံအား ယှဉ်နိုင်ရန် ၎င်း၏ကာကွယ်ရေးအင်အားကိုအခိုင်အမာတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ကျူးဘား နိုင်ငံသားများသည် ရရှိထားသော လွတ်လပ်ရေးကို ကာကွယ်သွားရန် အသင့်ပြင်ဆင်ထားကြောင်း ကျူးဘားခေါင်းဆောင် ဖီဒယ်ကက်စထရိုက ပြောကြားလိုက်သည်ကို ဇွန် ၁၈ ရက်ထုတ် သတင်းစာခေါင်းကြီးပိုင်းတွင် ဖော်ပြသည်။

ကျူးဘားနိုင်ငံ၏ လုံခြုံရေးအား ကာကွယ်သွားကြရန် သမ္မတ ကက်စထရိုက ၎င်း၏နိုင်ငံသားများအား တိုက်တွန်းခဲ့သည်ကို အာဏာရ ကွန်မြူနစ်ပါတီသတင်းစာ ဂရမ်မာက ရေးသားဖော်ပြသည်။

အသက် ၈၀ရှိ ကက်စထရိုသည် ပြီးခဲ့သည့်နှစ် ဇူလိုင်လက အူမကြီးခွဲစိတ်ခံထားရသဖြင့် ပြည်သူနှင့်အဆက်အသွယ် ပြတ်တောက်ခဲ့ရသည်။ ၎င်း၏ ညီဖြစ်သူကို ယာယီအာဏာ လွှဲအပ်ထားခဲ့သည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် ကျူးဘားနိုင်ငံအား ကျူးကျော်ရန် ဆန္ဒရှိနေကြောင်းလည်း မစ္စတာ ကက်စထရိုက စွပ်စွဲပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပါကစ္စတန်၌ ဒုံးကျည်များဖြင့်ပစ်ခတ်

မီရန်ရှက်ချ် (ပါကစ္စတန်) ဇွန် ၂၁

ပါကစ္စတန် လူမျိုးနွယ်စုများ နေထိုင်ရာ နယ်စပ်အနီးတွင် ဇွန် ၁၉ ရက်က အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ ထိုးစစ်ဆင်နွှဲခဲ့သည်ဟု ယူဆရသည့် ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် တာလီဘန်ကို ထောက်ခံသော တိုက်ခိုက်ရေးသမား အနည်းဆုံး ၃၂ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ အကြီးအကဲများက ပြောကြားသည်။

ပစ်မှတ်ထား

ယင်းနိုင်ငံ မြောက်ပိုင်း ဝါဇီရစ္စတန်ပြည်နယ် မီရန်ရှက်ချ်မြို့၏ အနောက်ဘက် ကီလိုမီတာ ၆၀ အကွာ ဒက်တာခီးလ်ခရိုင်အနီး ရှိမာမိုင်ရိုဂျာရွာရှိ တိုက်ခိုက်ရေးသမား လေ့ကျင့်ရေးစခန်းကို ပစ်မှတ်ထား၍ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ကြောင်း သတင်းရပ်ကွက်တစ်ခုက ဆင်ဟွာသို့ ပြောကြားသည်။

အိမ်သုံးလုံးနှင့် ရွက်ဖျင်တဲတစ်တဲတို့သည် အတွဲလိုက်ဒုံးကျည်ထိမှန်ခဲ့ရပြီး ယင်းဧရိယာတွင် လူ ၄၅ ဦး ခန့်ရှိခဲ့ကြောင်း ထိပ်တန်းအစိုးရ အကြီးအကဲတစ်ဦးက ရိုက်တာသို့ ပြောကြားသည်။

အတည်ပြု

ပါကစ္စတန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူက ယင်းဒေသတွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း အတည်ပြုခဲ့သော်လည်း ပါကစ္စတန်တပ်ဖွဲ့များသည် မည်သည့်စစ်ဆင်ရေးကိုမျှ မပြုလုပ်ခဲ့ကြောင်း ဆိုသည်။

အမ်အင်န်အေ၊ရိုက်တာ

ထိုင်းတောင်ပိုင်း၌ သူပုန်တို့၏ လက်ချက်ဖြင့် လေးဦးသေဆုံး

ဗန်ကောက် ဇွန် ၂၁

ထိုင်းနိုင်ငံတောင်ပိုင်း၌ မသက်ာဖွယ် ခွဲထွက်ရေးသမားများက ခရိုင်အကြီးအကဲတစ်ဦးနှင့် စစ်ဘက်အရာရှိကြီးတစ်ဦး အပါအဝင် လေးဦးကိုသတ်ဖြတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၁၉ ရက်၌ ပြောကြားသည်။

ပတ္တနီပြည်နယ်အတွင်း စာသင်ကျောင်းတစ်ကျောင်းကို မီးရှို့သည့် စစ်သွေးကြွများနှင့် ထိုင်းတပ်ဖွဲ့ဝင်များ ယင်းနေ့နှောင်းပိုင်းက တိုက်ပွဲဖြစ်ပွားစဉ် အစိုးရတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရသွားသည်။

တိုက်ခိုက်မှု

ယင်းပြည်နယ်အတွင်းရှိ အခြား စာသင်ကျောင်းတစ်ကျောင်း မီးရှို့ခံရသဖြင့် သွားရောက်ကြည့်ရှုပြီး အပြန်တွင် ဇွန် ၂၀ ရက် စောစောပိုင်းက လမ်းဘေးဗုံးထောင်တိုက်ခိုက်မှုကြောင့် ခရိုင်အကြီးအကဲတစ်ဦး၊ စစ်ဘက်အရာရှိတစ်ဦးနှင့် ၎င်းတို့၏ ယာဉ်မောင်းတို့ သေဆုံးခဲ့သည်။

ပတ္တနီပြည်နယ်အပါအဝင် ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်သုံးခုတွင် သုံးနှစ်ကြာ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လူပေါင်း ၂၃၀၀ကျော် အသက်ဆုံးရှုံးခဲ့သည်။ **အမ်အင်န်အေ၊ရိုက်တာ**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်း လက်ဝှေ့ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇွန် ၂၁

၂၀၀၇ ခုနှစ် ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း (ဂ)အဆင့်၊ (ခ)အဆင့် တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို ယနေ့ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ဆက်လက်ကျင်းပသည်။

အနိုင်ရရှိ

မစ်ဒယ်ဝိတ်(က)အဆင့် ပြိုင်ပွဲတွင် ဝင်းအောင်(ပဲခူးတိုင်း)က သန်းထိုက် (ရခိုင်ပြည်နယ်)ကို ပထမအချီတွင် လက်ရည်မမျှသဖြင့် အနိုင်ရရှိသည်။ လိုင်းဝိတ်(ခ)အဆင့် ပြိုင်ပွဲများတွင် ဇော်မိုး(ရန်ကုန်တိုင်း)က မြတ်မင်း(ပဲခူးတိုင်း)ကို အမှတ်ဖြင့် လည်းကောင်း၊ အေးကိုနိုင်(ဧရာဝတီတိုင်း)က နိုင်ထက် ရှမ်းပြည်နယ် (တောင်ပိုင်း)ကို အမှတ်ဖြင့် အနိုင်ရရှိသည်။ ဘင်တန်ဝိတ် (ခ)အဆင့် ပြိုင်ပွဲများတွင် စည်သူထွေး ရှမ်းပြည်နယ် (မြောက်ပိုင်း)က ချစ်စန်းမောင် (ရန်ကုန်တိုင်း)ကို အမှတ်ဖြင့်လည်းကောင်း၊ စိုင်းစိုးမြတ်(စစ်ကိုင်းတိုင်း)က ရဲကျော်စိုး ရှမ်းပြည်နယ်(တောင်ပိုင်း)ကို အမှတ်ဖြင့် အနိုင်ရရှိသည်။

ယှဉ်ပြိုင်

ဖလိုင်းဝိတ်(ခ)အဆင့် ပြိုင်ပွဲများတွင် ဇော်နိုင်(ပဲခူးတိုင်း)က ဝင်းထိန် (ရန်ကုန်တိုင်း)ကို ပထမအချီတွင် အလဲထိုး အနိုင်ရရှိပြီး စိုးထိုက်ကျော် ရှမ်းပြည်နယ်(မြောက်ပိုင်း)က စိုးတင့် (ရခိုင်ပြည်နယ်)ကို ဒုတိယအချီတွင် လက်ရည်မမျှသဖြင့် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိသည်။ လိုက်ဖလိုင်း(ခ)အဆင့် ပြိုင်ပွဲများတွင် အောင်ကျော် ရှမ်းပြည်နယ် (တောင်ပိုင်း)က နန်းယအောင် (ရခိုင်ပြည်နယ်)ကို ပထမအချီတွင် အလဲထိုး အနိုင်ရရှိပြီး မောင်ငယ် ရှမ်းပြည်နယ် (မြောက်ပိုင်း)က ထွန်းစိုး (ရန်ကုန်တိုင်း)ကို ဒုတိယအချီတွင် အမှတ်ဖြင့် အသာထိုးနိုင်သဖြင့် အနိုင်ရရှိသည်။ ယနေ့ပွဲစဉ်များ အဖြစ် ပင်းဝိတ်(ခ)အဆင့်၊ လိုက်ဝယ်လ်တာ (ဂ)အဆင့် ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆုချီးမြှင့်

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပင်းဝိတ်တန်းပြိုင်ပွဲတွင် ပထမရရှိသော ခင်မောင်မြင့် ရှမ်းပြည်နယ်(အရှေ့)အား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြင်းခြံအကျဉ်းထောင် သောက်ရေသန့် စက်ရုံဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၁

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန မြင်းခြံအကျဉ်းထောင်၏ သောက်ရေသန့် စက်ရုံဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၅ရက်တွင် အဆိုပါ အကျဉ်းထောင်၌ကျင်းပရာ အကျဉ်းဦးစီးဌာနနှင့် မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့မှ တာဝန်ရှိသူများ၊ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် မြို့မိ မြို့ဖများတက်ရောက်ကြပြီး အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနှင့် အလှူရှင် ဦးဝင်းလွင် (ကျော်သာကုမ္ပဏီလီမိတက်)တို့က ဖဲကြိုးဖြတ်၍ သောက်ရေသန့်စက်ရုံကို ဖွင့်လှစ်ပေးကြသည်။ ယင်းသောက်ရေသန့်စက်ရုံ၏ တန်ဖိုးငွေမှာ ၂၈၆၇၈၇၀၃ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံ ဗိုက်ခေါ်ဂျူဒိုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာဂျူဒိုအားကစားအဖွဲ့ဝင်များထွက်ခွာ

ရန်ကုန် ဇွန် ၂၁

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဇွန် ၂၁ရက်မှ ၂၅ရက်အထိ ကျင်းပမည့် ထိုင်းနိုင်ငံ ဗိုက်ခေါ်ဂျူဒိုပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်မှူးကြီးစောရွှေ ခေါင်းဆောင်သည့် အုပ်ချုပ်မှုအဖွဲ့ဝင်လေးဦး၊ အားကစားသမားကိုးဦး ပါဝင်သည့် မြန်မာဂျူဒိုအားကစားအဖွဲ့ဝင်များသည် ယနေ့နံနက် ၇နာရီက လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများက ပို့ဆောင်နှုတ်ဆက်ကြကြောင်းသတင်းရရှိသည်။ **(အောက်ပုံ)(က-ပ)**

အင်းစိန်မြို့နယ် ရွာမအရှေ့ သီရိမင်္ဂလာလမ်း အမှတ် ၂၄၈ နေ ဦးစိန်ဝင်းအား ရည်စူး၍ ဒေါ်သန်းသန်း (သပြေမိသားစု)က အင်းစိန်မြို့နယ် သံဃာ့ဆေးရုံကြီး ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်း လှူဒါန်းရာ သံဃာ့ဆေးရုံ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ နာယက ဦးအောင်သိန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးလှသန်းတို့က လက်ခံယူစဉ်။ (က-ပ)

အိုလံပစ်နေ့ အထိမ်းအမှတ် လေ့လှော်ပြိုင်ပွဲယှဉ်ပြိုင် နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်

ရန်ကုန် ဇွန် ၂၁

မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် (Olympic Day Run 2007) မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လေ့လှော်ပြိုင်ပွဲကို ဇွန် ၁၆ရက်နှင့် ၁၇ရက်တို့တွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

အိုလံပစ်နေ့အထိမ်းအမှတ် လေ့လှော်ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာလှေ၊ ရိုးရာလှေနှင့် ကနူးကယက်လှေ အမျိုးအစားတို့မှ ၁၀ ယောက်လှော်၊ လေးယောက်လှော်၊ နှစ်ယောက်လှော်နှင့် တစ်ယောက်လှော် ပွဲစဉ်များပါဝင်သည်။ ပွဲစဉ်ပေါင်း ၂၄ပွဲ ကျင်းပပြီး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိကြသူများအား ဆုကြေးအဖြစ် စုစုပေါင်းကျပ် ၁၁သိန်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်လေ့လှော်အားကစားသမားများ၊ ပဏာမလက်ရွေးစင် လေ့လှော်အားကစားသမားများ၊ မျိုးဆက်သစ် လေ့လှော်အားကစားသမားများနှင့်အတူ စီးပွား/ကူးသန်း၊ စက်မှု(၂)၊ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ပို့ဆောင်ရေး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်(ရေ)နှင့် ကမ်းရိုးတမ်းဒေသ တိုင်းစစ်ဌာနချုပ်တို့မှ လေ့လှော်အားကစားအသင်းများ ပါဝင်ကြသည်။ ပြိုင်ပွဲဝင်လေ့လှော်အသင်းပေါင်း ၂၃သင်းမှ လေ့လှော်အားကစားသမားပေါင်း ၁၀၀ကျော် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်သည်။

အထောက်အကူ ရရှိရေး

မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်သည် ထူးချွန်ထက်မြက်သော လေ့လှော်အားကစားသမားများ ပေါ်ထွက်လာရန်နှင့် မျိုးဆက်သစ် လေ့လှော်အားကစားသမားများ ပေါ်ထွက်လာရန်ရည်ရွယ်၍ အိုလံပစ်နေ့အထိမ်းအမှတ် လေ့လှော်ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်သည်။ လာမည့် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်နေသည့် မြန်မာ့လေ့လှော်လက်ရွေးစင် အားကစားသမားများ အထောက်အကူရရှိရေးအတွက်လည်း ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်သည် လေ့လှော်အားကစား ဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတကာပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြည်တွင်း လေ့လှော်ပြိုင်ပွဲများကို ကျင်းပပေးပြီး အလားအလာကောင်းသူများကို ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်အနေဖြင့် အဓိက နိုင်ငံတကာပြိုင်ပွဲအဖြစ် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပစ်မှတ်ထား ဆောင်ရွက်လျက်ရှိသည်။

ပြိုင်ပွဲသုံးရပ်

မြန်မာ့လက်ရွေးစင် လေ့လှော်အဖွဲ့သည် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မတိုင်မီ နိုင်ငံတကာပြိုင်ပွဲသုံးရပ်၌ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ ပြိုင်ပွဲများမှာ လာမည့် ဩဂုတ်လဆန်း၌ ဂျာမနီနိုင်ငံ ဒူးစ်ဘတ်မြို့တွင် ကျင်းပမည့် ကမ္ဘာ့တံခွန်စိုက် ကနူးကယက် လေ့လှော်ပြိုင်ပွဲ၊ လာမည့် ဩဂုတ်လအတွင်း၌ ဂျာမနီနိုင်ငံ မြူးနစ်မြို့တွင် ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ဂျူနီယာ ချန်ပီယံရှစ် လေ့လှော်ပြိုင်ပွဲနှင့် လာမည့် စက်တင်ဘာလအတွင်း တောင်ကိုရီးယားနိုင်ငံ၌ ကျင်းပမည့် အာရှ ချန်ပီယံရှစ် ကနူးကယက် လေ့လှော်ပြိုင်ပွဲတို့ ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်ထံ ကမ္ဘာ့နိုင်ငံအသီးသီးမှ လေ့လှော်အဖွဲ့ချုပ်များက နိုင်ငံတကာ လေ့လှော်ပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ကြားစာများ ပေးပို့ထားကြောင်း သိရသည်။

နိုင်ငံခြားနည်းပြ

မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်ဥက္ကဋ္ဌဦးချစ်ခိုင်နှင့် အတွင်းရေးမှူး ဦးဖေဝင်းတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် အင်းလျားကန်ရှိ မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်းတွင် ပဏာမ မြန်မာ့လက်ရွေးစင် လေ့လှော်အားကစားသမားများအား မြန်မာနည်းပြ ခုနစ်ဦးနှင့်အတူ နိုင်ငံခြားနည်းပြနှစ်ဦးတို့က နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ပုံမှန်လေ့ကျင့်ပေးလျက်ရှိသည်။

ပဏာမမြန်မာ့လက်ရွေးစင် လေ့လှော်အဖွဲ့ကို ၂၀၀၆ခုနှစ် ဇူလိုင်လမှ စတင်စခန်းသွင်းခဲ့ရာ အပြည်ပြည်ဆိုင်ရာလှေအတွက် အမျိုးသား၂၉ဦးနှင့် အမျိုးသမီး ၁၅ဦး၊ ကနူးကယက်လှေအတွက် အမျိုးသား ၃၁ဦးနှင့် အမျိုးသမီး ၂၂ဦးတို့ကို ရွေးချယ်လေ့ကျင့်ပေးခဲ့သည်။ ယခုအခါ အားကစားအချို့ကို လျှော့ချပြီး လက်ရွေးစင်အဆင့်အားကစားသမား ၂၉ဦး၊ ပဏာမလက်ရွေးစင်အဆင့် အားကစားသမား ၅၉ဦး စုစုပေါင်း ၈၈ဦးတို့အား ရွေးချယ်လေ့ကျင့်ပေးလျက်ရှိသည်။

ကာလတိုငှားရမ်း

မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများ၌ အဆင့်မြင့်မားစွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ဂျာမနီနိုင်ငံမှ နည်းပြ Mr. Joern Grosskopf အား ဇန်နဝါရီလတွင်လည်းကောင်း၊ ရုရှားနိုင်ငံမှနည်းပြ Dr. Polykov Boris အား မေလတွင်လည်းကောင်း ကာလတို ငှားရမ်းခေါ်ယူခဲ့သည်။ နိုင်ငံခြားနည်းပြနှစ်ဦးသည် မြန်မာလက်ရွေးစင်လေ့လှော်အဖွဲ့အား (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲပြီးဆုံးသည်အထိ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် လေ့လှော်အဖွဲ့သည် (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်ငါးခု ဆွတ်ခူးရရှိခဲ့သည်။ မြန်မာနိုင်ငံ လေ့လှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမှုဆောင်များသည် လာမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ယခင်ပြိုင်ပွဲများထက် ပိုမို၍ ဆုတံဆိပ်ဆွတ်ခူးရယူနိုင်ရေးအတွက် ကြိုးပမ်းအားထုတ်လျက်ရှိသည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မတိုင်မီ လက်ရည်စမ်းသည့်အနေဖြင့် နိုင်ငံတကာပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။

ပြန်လည်ဖွဲ့စည်း

မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်ကို ၂၀၀၆ခုနှစ်တွင် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပြီးနောက် မြန်မာ့လေ့လှော်အားကစား ပိုမိုတိုးတက်အောင်မြင်ရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ရေတိုအောင်မြင်မှုထက် ရေရှည်အောင်မြင်မှုရရှိရေးအတွက် အဓိကထား ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်မြို့ အင်းလျားလမ်းရှိ အင်းလျားကန် လေ့ကျင့်ရေးစခန်းကို အဆင့်မြှင့်တင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ် အဆောက်အအုံများကို အသစ်ပြန်လည်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ လက်ရွေးစင်အားကစားသမားများ လေ့ကျင့်ရာ၌ အထောက်အကူဖြစ်စေမည့် ခေတ်မီစက်ကိရိယာများ တပ်ဆင်ပေးခြင်းနှင့် အထောက်အကူပြုပစ္စည်းများအား ဖြည့်တင်းပေးခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။

နိုင်ငံ့ဂုဏ်ဆောင်

မြန်မာနိုင်ငံလေ့လှော်အဖွဲ့ချုပ်သည် နိုင်ငံတကာပြိုင်ပွဲများမှ နိုင်ငံ့ဂုဏ်ဆောင် အောင်မြင်မှုများ ရယူပေးနေသကဲ့သို့ မြန်မာ့လေ့လှော်အားကစား တိုးတက်မြင့်မားရေးတွင် အဓိကကျသည့် လူငယ်မျိုးဆက်သစ် လေ့လှော်အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက်လည်း ပြည်တွင်းပြိုင်ပွဲများကို အခါအားလျော်စွာ ကျင်းပပေးလျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

သတင်းဆောင်းပါး-ကိုထွေး

ကမ္ဘာတစ်လွှား အားကစား

ချယ်လ်ဆီးခေါ်ယူမည့် တိုက်စစ်မှူးမက္ကာသီ

လန်ဒန် ဇွန် ၂၁

လာမည့် ပရီမီယာလိဂ်ဘောလုံးရာသီအတွက် ဘောလုံးသမားသစ်ဖြည့်ဆည်းရန် စတင်လှုပ်ရှားလာသော ချယ်လ်ဆီးအသင်းသည် ဘလက်ဘန်းအသင်းမှ တိုက်စစ်မှူး မက္ကာသီကို ခေါ်ယူမည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာသည်။

စိတ်ဝင်စား

အာဖရိကဘောလုံးသမားများကို ခေါ်ယူခြင်း မပြုတော့ဟုပြောကြားခဲ့သော မော်ရင်ဟိုသည် ယခုခေါ်ယူရန် စိတ်ဝင်စားနေသော တိုက်စစ်မှူး မက္ကာသီမှာလည်း တောင်အာဖရိက ဘောလုံးသမားတစ်ဦးပင် ဖြစ်နေသဖြင့် စိတ်ဝင်စားစရာ ကောင်းနေသည်။

နစ်နာ

ချယ်လ်ဆီးအသင်းအတွက်အာဖရိကဘောလုံးသမားများမှာ ထူးထူးခြားခြား စွမ်းဆောင်မှုများ ပေးသော်လည်း မိခင်နိုင်ငံအသင်းများ၏ ပွဲများတွင် ပါဝင်ကစားပေးရမှုမှာ အသင်းအောင်မြင်မှုအတွက် ထိခိုက်နစ်နာမှုများ ကြုံတွေ့ရသည်ဟု မော်ရင်ဟိုက ထောက်ပြခဲ့သည်။

ဖြည့်ဆည်းမည်

သို့သော် ယခု ဘလက်ဘန်းတိုက်စစ်မှူး မက္ကာသီမှာ မိမိလိုချင်သော တိုက်စစ်မှူးမျိုး ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားခဲ့ပြန်သည်။ ချယ်လ်ဆီးအသင်းအနေဖြင့် တိုက်စစ်မှူး ဒရော့ဘာအပေါ် အားထားမှု လျော့ကျစေရန်အတွက် ခြေစွမ်းပြနိုင်သော တိုက်စစ်မှူးကောင်းတစ်ဦးကို ယခု ဘောလုံးသမားအပြောင်းအရွှေ့ ကာလအတွင်း ဝယ်ယူဖြည့်ဆည်းမည်ဖြစ်သည်။

ဝေဖန်

လက်ရှိ ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကိုမှာလည်း ခြေစွမ်းမပြနိုင်မှုနှင့် ဒဏ်ရာရရှိမှုများကြောင့် ချယ်လ်ဆီးအသင်းကို ထိထိရောက်ရောက် အကျိုးမပြုနိုင်ဘဲ ရှိနေသဖြင့် ပြီးခဲ့သည့် ဘောလုံး ရာသီအတွင်း ဝေဖန်ပြစ်တင်မှုများနှင့် ကြုံတွေ့ခဲ့ရသည်။

ချဉ်းကပ်

ထို့ကြောင့် ဘလက်ဘန်းတိုက်စစ်မှူး မက္ကာသီကို ချယ်လ်ဆီးတို့ ခေါ်ယူရန် ကြိုးစားချဉ်းကပ်နေပြီ ဖြစ်သည်။ မက္ကာသီမှာ တောင်အာဖရိကနိုင်ငံ ကိတ်တောင်းမြို့၌ ၁၉၇၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်၌ မွေးဖွားခဲ့သူဖြစ်ရာ ယခု အသက် ၃၀ အရွယ်ရှိနေသူ ဖြစ်သည်။

အချိန်ပိုင်းကစား

မက္ကာသီသည် ၂၀၀၁–၂၀၀၂ ဘောလုံးရာသီက စပိန်ကလပ် ဆဲလ်တာဗီဂိုအသင်းတွင် ပါဝင်ကစားခဲ့သူဖြစ်ပြီး ထိုနှစ်များက ဆဲလ်တာဗီဂိုအတွက် ဘောလုံးပွဲစဉ်များစွာ မကစားခဲ့ရချေ။ အရန်ထိုင်ခုံတွင် အချိန်ကုန်ခဲ့သော်လည်း ၂၀၀၂–၂၀၀၃ ခုနှစ် စပိန်လာလီဂါဘောလုံးပွဲစဉ်နှင့် ယူအီးအက်ဖ်အေဘောလုံးပြိုင်ပွဲများ၌ အချိန်ပိုင်းကစားခဲ့ရသော်လည်း ခုနစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

ဂိုးများသွင်း

၂၀၀၃–၂၀၀၄ဘောလုံးရာသီတွင် အက်ဖ်စီပေါ်တိုအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပေါ်တိုအသင်းအတွက် ချန်ပီယံလိဂ် ရှစ်ပွဲကစားပေးခဲ့ရာ လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့အတူ တောင်အာဖရိကအသင်းနှင့်လည်း ချစ်ကြည်ရေးပွဲစဉ်များ လိုက်ပါကစားပေးခဲ့ပြီး ဂိုးများလည်း သွင်းယူပေးနိုင်ခဲ့သည်။

ထို့နောက် ၂၀၀၆–၂၀၀၇ ဘောလုံးရာသီတွင် အက်ဖ်စီပေါ်တိုမှ ဘလက်ဘန်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။ ပရီမီယာလိဂ်သို့ ရောက်ရှိလာသော မက္ကာသီ၏ခြေစွမ်းမှာ အံ့သြဖွယ်ရာ ကောင်းအောင် ထက်မြက်ခဲ့ရာ ဂိုးများလည်း အဆက်မပြတ်သွင်းယူ ပေးနိုင်ခဲ့သည်။

မက္ကာသီသည် ဘလက်ဘန်းအသင်းသို့ ရောက်ရှိသည့် နှစ်မှာပင် ကစားဖော်များနှင့် အံဝင်ခွင်ကျအောင် ကစားနိုင်သူဖြစ်ပြီး အထူးသဖြင့် ကစားဖော် တိုက်စစ်မှူးများအား ဘောလုံးဖြန့်ဝေပေးနိုင်မှုနှင့် ဂိုးသွင်းနိုင်မှုများရရှိအောင် များစွာအကူအညီပေးနိုင်ခဲ့သူဖြစ်သည်။

သွင်းသူရဲကောင်း

ပြီးခဲ့သည့်ပရီမီယာလိဂ်ဘောလုံးရာသီ၌ မက္ကာသီအနေဖြင့် ဘလက်ဘန်းအသင်းအတွက် ၃၆ပွဲ ကစားပေးခဲ့ပြီး ၁၈ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပရီမီယာလိဂ်သို့ စရောက်ရောက်ချင်း ဂိုးသွင်းမှု စွမ်းရည်မြင့်မားသော မက္ကာသီသည် ဘလက်ဘန်းအသင်း၏ ဦးစားပေးတိုက်စစ်မှူးတစ်ဦး ဖြစ်ခဲ့ပြီး ဂိုးသွင်းသူရဲကောင်းလည်း ဖြစ်ခဲ့သည်။

ထို့အပြင် ဘလက်ဘန်းအသင်းအတွက် အက်ဖ်အေဖလားပွဲ၌ သုံးပွဲကစား သုံးဂိုး၊ ယူအီးအက်ဖ်အေဖလားပြိုင်ပွဲအတွက် ခုနစ်ပွဲကစားပေးခဲ့ပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ထိုသို့ ဂိုးများသွင်းယူပေးနိုင်ခဲ့မှုကြောင့် ပြီးခဲ့သည့်နှစ်ဘောလုံးရာသီတွင် မက္ကာသီတစ်ဦးတည်း သွင်းဂိုး ၂၄ ဂိုး ရရှိအောင် သွင်းယူပေးနိုင်ခဲ့သူ ဖြစ်သည်။

ပရီမီယာလိဂ်တွင် ရောက်သည့်နှစ်၌ခြေစွမ်းပြပြီး ဂိုးများသွင်းယူနိုင်သော မက္ကာသီကို မော်ရင်ဟိုက သဘောကျလျက်ရှိရာ ချယ်လ်ဆီးသို့ ခေါ်ယူရန်ကြိုးစားသွားမည်ဟု ပြောကြားနေသဖြင့် မက္ကာသီ ချယ်လ်ဆီးသို့ ရောက်ရှိမှုရှိ မရှိကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။

(ကိုးကား–အင်တာနက်)

စုစည်းတင်ပြသူ–မောင်မောင်မြင့်ဆွေ

မက္ကာသီ

ချယ်လ်ဆီးက ခေါ်ယူရန် ကြိုးစားနေသော ဘလက်ဘန်း တိုက်စစ်မှူး မက္ကာသီ။

(ဓာတ်ပုံ–အင်တာနက်)

အင်တာနက် အားကစားသတင်း အတိုအထွာ

* **တောင်အာဖရိက၌ကျင်းပမည့် ၂၀၁၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် သယ်ယူပို့ဆောင်ရေးနှင့် တည်းခိုရေးကိစ္စများမှာ တောင်အာဖရိကနိုင်ငံအတွက် စိန်ခေါ်မှုများဖြစ်နေကြောင်း ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာက ပြောကြားလိုက်သည်။**

* မန်စီးတီးနည်းပြအတွက် နီးစပ်နေသည်ဆိုသော သတင်းများ ထွက်ရှိနေမှုအပေါ် အင်္ဂလန်နည်းပြဟောင်း အဲရစ်ဆင်က ငြင်းဆိုလိုက်သည်။

* **ရီးမားအသင်းသည် ချီလီနှင့် အင်တာမီလန်ကစားသမား ဒေးဗစ်ပီဇာရိအား အပြီးသတ်ခေါ်ယူရန် စာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။ ဒေးဗစ်ပီဇာရိကို ရီးမားနှင့် အင်တာမီလန်တို့ ပူးတွဲပိုင်ဆိုင်ရာ ရီးမားက အပိုင်စာချုပ် ချုပ်ဆိုရာတွင် ယူရိုငွေ ၅ ဒသမ ၇သန်းပေးခဲ့ရသည်။**

* အာဆင်နယ်အသင်းက ပိုလန်ဂိုးသမား ဖာဘီယန်စကီးကို ခေါ်ယူလိုက်ပြီဖြစ်ရာ အသက် ၂၂နှစ်အရွယ် ဖာဘီယန်စကီးက မိမိသည် အာဆင်နယ်အသင်း၌ ပထမဂိုးသမား နေရာရအောင် ကြိုးစားသွားမည်ဟု ပြောကြားလိုက်သည်။ **(အင်တာနက်)**

အသက် ၂၁နှစ်အောက် ဥရောပချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ နယ်သာလန်နှင့် ဆားဘီးယားတို့ ဗိုလ်လုပွဲတက်ရောက်

လန်ဒန် ဇွန် ၂၁

အသက် ၂၁နှစ်အောက် ဥရောပချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲအဖြစ် နယ်သာလန်အသင်းနှင့် အင်္ဂလန်အသင်းတို့ ဇွန် ၂၀ရက်က ယှဉ်ပြိုင်ကစားရာ နယ်သာလန်အသင်းက ပယ်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရရှိသွားသည်။

အသက် ၂၁နှစ်အောက် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ၌ နယ်သာလန်နှင့် အင်္ဂလန်တို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။

(ဓာတ်ပုံ–အင်တာနက်)

နယ်သာလန်အသင်းအနေဖြင့် ကံကောင်းထောက်မစွာ အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ အင်္ဂလန်အသင်းသည် နယ်သာလန်အသင်းကို ပထမပိုင်းပွဲချိန်၌ ဖိကစားနိုင်ခဲ့ပြီး အင်္ဂလန် အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၃၉မိနစ်၌ လီတာက သွင်းယူပေးခဲ့သည်။

ပယ်နယ်တီဆုံးဖြတ်

နယ်သာလန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၈၉မိနစ်၌ မာစီရီရစ်တာစ်က သွင်းယူပေးခဲ့သဖြင့် ပွဲချိန်ပြည့်သည်အထိ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေခဲ့သည်။ ထို့ကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားရာ၌လည်း သရေပွဲဖြစ်နေခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ် ခံယူခဲ့ရသည်။

ထွက်ခဲ့ရ

ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းရာတွင် နယ်သာလန်အသင်း က ၁၃ဂိုး–၁၂ဂိုးဖြင့် အနိုင်ရရှိသွားပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အင်္ဂလန်အသင်း ကံမကောင်းစွာဖြင့် အကြိုဗိုလ်လုပွဲမှ ထွက်ခဲ့ရသည်။

အကြိုဗိုလ်လုပွဲဒုတိယပွဲစဉ်အဖြစ် ဆားဘီးယားနှင့် ဘယ်လ်ဂျီယံတို့ပွဲတွင် ဆားဘီးယားက နှစ်ဂိုးပြတ် အနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်လာသည်။ **(အင်တာနက်)**

ရေးသားသူ
မောင်ချစ်ကြည်

ဘောလုံးသမားကောင်းများ ရီးရဲမက်ဒရစ် ထိန်းသိမ်းနိုင်စွမ်းမရှိ ရောဘတ်တိုကားလို့စ် ပြောကြား

ကားလို့စ်

ရီးရဲမက်ဒရစ်မှ ဖီနာဘာချီ အသင်းသို့ ပြောင်းရွှေ့ကစားမည့် ရောဘတ်တို ကားလို့စ်။

(ဓာတ်ပုံ–အင်တာနက်)

မက်ဒရစ် ဇွန် ၂၁

ရီးရဲမက်ဒရစ်အသင်း အနေဖြင့် အရည်အသွေးမြင့်မားပြီး တန်ဖိုးကြီးမားသော ဘောလုံးသမားများကို ဆုံးရှုံးခဲ့ရပြီဖြစ်ကြောင်း ရီးရဲမက်ဒရစ်နှင့် ဘရာဇီးဘောလုံးသမား ရောဘတ်တိုကားလို့စ်က ပြောကြားလိုက်သည်။

မစွမ်းဆောင်နိုင်

ရီးရဲမက်ဒရစ်သည် လာလီဂါဖလားကို ရရှိခဲ့သော်လည်း နာမည်ကြီး ကစားသမားများဖြစ်သော ဒေးဗစ်ဘက်ခမ်း၊ ရိုနယ်ဒို၊ ဖီဂို၊ ဇီဒန်းနှင့် မိမိတို့ကို အသင်း၌ ဆက်လက်ကစားနိုင်ရန် မစွမ်းဆောင်နိုင်ခဲ့ကြောင်း ရောဘတ်တိုကားလို့စ်က ပြောကြားသည်။

ပြောင်းရွှေ့ကစား

ရောဘတ်တိုကားလို့စ်သည် ရီးရဲမက်ဒရစ်၌ ၁၁နှစ်ကြာ ကစားခဲ့သူဖြစ်သည်။ ၎င်းသည် လာမည့်ဘောလုံးရာသီ၌ ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်သည်။

(အင်တာနက်)

ဒီပို့တီဗိုနည်းပြ ကာပါရို့စ် နုတ်ထွက်

မက်ဒရစ် ဇွန် ၂၁

စပိန် လာလီဂါကလပ် ဒီပို့တီဗို နည်းပြအဖြစ်မှ မိမိနုတ်ထွက်တော့မည်ဖြစ်ကြောင်း ဂျူရာကွင်းကာပါရို့စ်က ဇွန် ၂၀ ရက်၌ ပြောကြားလိုက်သည်။

ယခုကဲ့သို့ ဒီပို့တီဗိုနည်းပြအဖြစ်မှ မိမိနုတ်ထွက်ရခြင်းမှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ မည်သည့်ဖိအားပေးမှုမျှ မရှိကြောင်း၊ မိမိအနေဖြင့် လာမည့်ဘောလုံးရာသီ၌ အသင်းအတွက် အကောင်းဆုံးစွမ်းဆောင်ပေးနိုင်မည် မဟုတ်ဟု ယူဆသဖြင့် နုတ်ထွက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

(အင်တာနက်)

" မြင်ကွင်းတွေ..ကြည်လင် ..... တိကျပြီး ..အချိန်မစား ..သိပ်မြန်တဲ့ "
AMERICAN VISION
PROFESSIONAL EYE CARE CENTRE
ဆိုင်ခွဲအသစ်ကြီးကိုထပ်မံဖွင့်လှစ်လိုက်ပါပြီ။
အမှတ် ၂၅၊ ဘုရင့်နောင်လမ်းမကြီး၊ ရေကြောင်းသိပ္ပံရှေ့၊ ရွှေပုန်းညက်ရိပ်မွန်၊ ရန်ကုန်မြို့ မှာ နောက်ဆုံးပေါ်မျက်မှန်များကို "ဈေးနှုန်းသက်သာစွာဖြင့်" စတင်ရောင်းချပေးနေပါပြီ၊ အမေရိကန်ဗိုးရှင်း မှာ မျက်စိအထူးကုသမားတော်ကြီးများကိုယ်တိုင် ပိတ်ရက်မရှိ သင့်မျက်စိကျန်းမာရေးအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနေပါပြီ။ ဖုန်း ၀၁- ၅၁၅၁၂၅၊ ၅၃၉၆၀၄
ဆိုင်ခွဲအသစ်ကြီးကို ထပ်မံဖွင့်လှစ်လိုက်ပါပြီ။
up to 30% Discount at this location only
Let's Go to AMERICAN VISION U.S.A
Excellent Quality Guaranteed

ကလေးနာမည်ပေး ဆရာကြီးရာဇာဇော်ဝင်း (L.L.B.)နှင့်ဆက်သွယ်ပါ။(ပိတ်ရက်မရှိ)
01- 394727,09-5123509

အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။
Since 1986 KMD Computer Centre (လှည်းတန်း) သင်တန်းအပ် လက်ခံနေပါပြီ။
:: i-Office :: Graphics Design :: Desktop Publishing
:: Email & Web Design :: Practical A+ :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting

ကောင်းသန့်စိစဉ်သည်
YOUTH
အတွဲ(၂)အမှတ်(၇) ရှိုင်းလထုတ် ထွက်ပြီ
အသေးငယ်ဆုံး၊ အထူးခြားဆုံး၊ လူငယ်အကျိုးပြုမဂ္ဂဇင်း

အမည်ဖြည့်စွက်ခြင်း
ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ရေတာပ်လိုင်းခန်းနေ အဖ ဦးလှထွန်းခိုင်၏ သား မောင်ရဲဟိန်း ၁၂/ဗတထ(နိုင်) ၀၁၀၁၄၉ အား မောင်ရဲဟိန်း(ခ) မောင်ဝင်းကိုကိုဟု ဖြည့်စွက်ခေါ်ပါရန်။
မောင်ရဲဟိန်း(ခ)မောင်ဝင်းကိုကို။

အမည်ပြောင်း
အထက (၅) ကမာရွတ်၊ တက္ကသိုလ်ဝင်တန်း (င)မှ ဦးရွှေကျော်ထွန်း၁၂/တတန(နိုင်) ၁၀၈၈၉၁ ၏ သမီး မခင်ဒါလီထွန်းအား မဒါလီထွန်းဟု ခေါ်ပါရန်။ **မဒါလီထွန်း။**

ရောင်းမည်/လချုပ်ငှားမည်
သ/ ---- Mazda Bongo (၁၅) ယောက်စီး 1984 Diesel
၇က/ ---- Jeifang (14') 4D 30 Engine 1996 Model
အခွန်ကျေ၊ ဆေး၊ ဘော်ဒီ၊ လိုင်စင်သစ်
Ph - 09 5012161, 09 5013549 ,09 5014579
01 -387463 , 382452, 388656

မော်နီတာအပျက်ဝယ်သည်
မော်နီတာ အပျက်များကို အိမ်တိုင်ရာရောက်ဝယ်ယူလိုပါသည်။ **ဆက်သွယ်ရန်– ဖုန်း–၅၂၆၈၉၈။**

အမြန်ဆက်သွယ်ပါ
Shan Star Jeep ၇ခ/၇၀၁၅၊ ၈ခ/၄၃၇၅ လက်ဝယ်ရှိသူများက ယာဉ်ပိုင်ရှင် အမည်ပြောင်းရန် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ဆက်သွယ်ပါရန်။
ဦးဇော်မိုးလှိုင်
အမှတ် ၁၆၄၊ စံပြ(၄)လမ်း၊ စံပြရပ်ကွက်၊ သဃ်န်းကျွန်း။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)
ယုဇနကုမ္ပဏီ၏ နယ်ရုံးခွဲများတွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိသည်။
၁။ B.Agri ဘွဲ့ရ ကျား(၂၀)ဦး
၂။ ယန္တရားမောင်း (Excavator, Dozer Operator) ကျား(၂၀)ဦး
၃။ ထွန်စက်မောင်း ကျား(၂၀)ဦး
၄။ ယာဉ်မောင်း ကျား(၂၀)ဦး
လျှောက်ထားလိုသူများသည် ဘွဲ့လက်မှတ်မူရင်း၊ မိတ္တူ၊ ဓာတ်ပုံတစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ မှတ်ပုံတင်မူရင်းများနှင့်အတူ အမှတ်၁၃၀၊ ယုဇနစင်တာ တတိယထပ်၊ ရွှေဂုံတိုင်သို့ ၃၀–၆–၂၀၀၇ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

ပုံပြင်ပေါင်းများကိုအတွေးသစ်ထည့်ပေးထားသော...
ကောင်းသန့်
ခေတ်သစ်ပုံပြင်

အမည်မှန်
မြောက်ဥက္ကလာပမြို့နယ်၊ နွယ်သာကီ(၁)လမ်း၊ အမှတ်(၆၆၄)နေ ဦးအောင်အောင်၏ သမီးဖြစ်သူ မဝင်းဝါဖြူ၏ အမည်မှန်မှာ မဝင့်ဝါဖြူ ဖြစ်ပါသည်။ **မဝင့်ဝါဖြူ။**

ဟိုးဟိုးကျော် ပေါ်ဆန်းမွှေး
"စမ်းသပ်စားသုံးဖို့တော့လိုပါလိမ့်မည်"
Any call: 09 501 7886, 09 511 6063, 09 517 3737, 681263, 681243

အမွေပြတ်စွန့်လွှတ်ခြင်း
ဦးကျော်ထွန်း–ဒေါ်တင်ရီတို့၏သမီးများဖြစ်သော မစောမူ ၁၄/ဖပန(နိုင်) ၀၃၁၈၆၀နှင့် မနွဲ့ရီဝင်း ၁၄/ဖပန(နိုင်) ၁၂၉၈၈၇တို့သည် မိဘနှစ်ပါးကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ၎င်းတို့နှစ်ဦးအား ယနေ့မှစ၍ သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း အသိပေးကြေညာအပ်ပါသည်။
ဖခင်–ဦးကျော်ထွန်း ၁၄/ဖပန(နိုင်)၀၃၁၈၅၈
မိခင်–ဒေါ်တင်ရီ ၁၄/ဖပန(နိုင်)၀၃၁၈၅၉
ကျုံကျိုက်အပိုင်၊ ချောင်းတွင်းကျေးရွာ၊ ဖျာပုံမြို့နယ်။

စာအုပ်စာပေ
လူ့မိတ်ဆွေ

နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များ ရေနံစက်ရုံကို ဝင်ရောက်စီးနင်း တိုက်ခိုက်ရေးသမား ၁၂ ဦး သေဆုံး

ရီနာရီရာ ဇွန် ၂၁

နိုင်ဂျီးရီးယားနိုင်ငံ နီဂါဒီလ်တာမြို့၌ရှိသော အီတလီကုမ္ပဏီလုပ်ကိုင်နေသည့် ရေနံစက်ရုံတစ်ခုကို ဇွန် ၂၁ ရက်က နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များ ဝင်ရောက်စီးနင်းခဲ့ရာ လက်နက်ကိုင်တိုက်ခိုက်ရေးသမား ၁၂ ဦး သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယား စစ်ဘက်က ပြောကြားသည်။

ဓားစာခံဖမ်းဆီးထား

အဆိုပါ ရေနံစက်ရုံကို ဇွန် ၁၇ ရက် မှ စတင်ကာ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ဝင်ရောက် စီးနင်းသိမ်းပိုက်ထားပြီး နိုင်ဂျီးရီးယား လုပ်သား ၁၆ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားခဲ့သည်။

ကယ်ဆယ်နိုင်ခဲ့

နိုင်ဂျီးရီးယားတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပြီးနောက် ရေနံလုပ်သား ၁၁ ဦးကိုသာ တွေ့ရှိကယ်ဆယ်နိုင်ခဲ့သော်လည်း အခြားသူများအားမတွေ့ရှိရကြောင်း နိုင်ဂျီးရီးယားစစ်ဘက်က ပြောကြားသည်။

အင်တာနက်ဟောင်ပိတ်သတင်း

ဂါဇာမြို့သို့ အစ္စရေးတို့က ဒုံးကျည်များဖြင့်ပစ်ခတ် ပါလက်စတိုင်းလေးဦးသေဆုံး၊ အများအပြားဒဏ်ရာရ

ဂါဇာ ဇွန် ၂၁

ပါလက်စတိုင်းနိုင်ငံ ဂါဇာမြို့တွင်းသို့ အစ္စရေးတို့က ဇွန် ၂၁ ရက်က ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အရပ်သားလေးဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ဆေးရုံတင်ပို့

ဂါဇာမြို့အတွင်းသို့ ဇွန် ၂၁ ရက် နံနက်ပိုင်း၌ ဒုံးကျည်များဖြင့် အဆက်မပြတ်ပစ်ခတ်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးအပါအဝင် အရပ်သားအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း၊ သေဆုံးသူလေးဦးရှိပြီး ဒဏ်ရာရရှိသူများကို ဆေးရုံသို့တင်ပို့ပေးလိုက်ရကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အမှာစကားပြောကြား

ဇွန် ၁၃ ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး ကျင်းပသော ကျန်းမာသန့်ရှင်း၍ အဆာရယ်ကင်းသော အစားအစာများ ချက်ပြုတ်မှု အရည်အသွေးမြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နိုင်နိုင်အောင် အမှာစကားပြောကြားစဉ်။

(က–ပ)

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး အသိပညာပေးဟောပြောပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး ဇွန် ၇

ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲတို့က ကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၃၀ရက် နံနက် ၉နာရီခွဲက တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံဝင်း သူနာပြုနှင့်သားဖွားသင်တန်းကျောင်း ခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ တာဝန်ခံဒေါက်တာနှင်းရီအေးက အမျိုးသမီးဘဝ အစဉ်လုပ၊ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတာဝန်ခံ ဒေါ်မြမြကြည်က ယဉ်ကျေးမှုနှင့်ဒို့တာဝန်များ၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတာဝန်ခံ ဒေါ်နန်းဗိုခမ်းက လူမှုဆက်ဆံရေးအလေးပေးနှင့် စည်းရုံးရေးဌာနကြီးမှူး ဒေါ်ခင်မေသောင်းက အမျိုးသမီးရေးရာ ဝင်နွဲပါ ခေါင်းစဉ်များဖြင့် ဟောပြောကြရာ သူနာပြုနှင့် သားဖွား သင်တန်းသူ ၂၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အမျိုးသမီးရေးရာ)**

မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံမှ ဆရာဝန်ကြီးများ မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ အခမဲ့ကွင်းဆင်းကုသ

မိတ္ထီလာ ဇွန် ၆

မန္တလေးတိုင်း မိတ္ထီလာခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမျိုးသန်း ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများနှင့်အဖွဲ့သည် မေ ၂၄ ရက်က မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ကွင်းဆင်း၍ အခမဲ့ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကွင်းဆင်းကုသ

အဆိုပါ ကွင်းဆင်းဆေးကုသမှုလုပ်ငန်းတွင် ဆေးရုံအုပ်ကြီးနှင့်အတူ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးညွန့်လွင်၊ သားဖွားမီးယပ်အထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးမျိုးသန့်၊ အရိုးအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဦးဇော်ဝင်း၊ စိတ်ကျန်းမာရေးအထူးကု ဆရာဝန်ကြီးဒေါက်တာ ဦးမြင့်ဆွေ၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာ ဒေါ်ငွေငွေဝင်း၊ မျက်စိ အထူးကု ဆရာဝန် ဒေါက်တာ ဦးကောင်းညွန့်၊ နား၊ နှာခေါင်း၊ လည်ချောင်းအထူးကု ဆရာဝန်ဒေါက်တာ ဦးမြတ်ဆွေ၊ ဆေးပညာအထူးကု ဆရာဝန် ဒေါက်တာ ဦးမျိုးညွန့်၊ အနာကြီးရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင်ဆရာဝန် ဒေါက်တာ ဦးမင်းမင်းထွန်း၊ခရိုင်တိုင်းရင်းဆေးခန်းမှူး ဒေါ်စန်းဆင့်ဆင့် စသည့် အထူးကု ဆရာဝန်ကြီးများနှင့် အဖွဲ့သည် လူနာ ၂၇၂ဦးအား ကျန်းမာရေး အသိပညာပေးခြင်း၊ အခမဲ့ဆေးကုသမှုပေးခြင်း၊ လူနာ ၇၃ ဦးအား မိတ္ထီလာ အထွေထွေရောဂါကုဆေးရုံကြီးသို့ လာရောက်ဆေးကုသမှု ခံယူရန် ညွှန်းပို့ခဲ့ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်မြို့ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဇွန် ၁၀ ရက်က အထက(၃)ခန်းမတွင် ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်အောင်နှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။ (၄၀၃)

မြို့နယ် သတင်းများ

ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး ပညာပေးဟောပြော ကျေးရွာစာကြည့်တိုက်သို့ စာအုပ် စာစောင်များလှူဒါန်း၊ အခမဲ့ဆေးကုသ

မူဆယ် ဇွန် ၁၉

မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနှင့် ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန် ဒေါက်တာ စိုင်းကျော်မင်းနှင့် အထူးကုဆရာဝန်များ ပါဝင်သောအဖွဲ့သည် ဇွန် ၁၆ရက် နံနက်က မူဆယ်မြို့နယ် နောင်လောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများအား အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်ရောဂါ၊ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးတို့ကို ပညာပေး ရှင်းလင်းဟောပြောပြီး စကားဝိုင်းများ ပြုလုပ်ခဲ့ကြသည်။

ဆက်လက်၍ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က နောင်လောင်းကျေးရွာစာကြည့်တိုက်အတွက် စာအုပ် စာစောင်များ၊ ဘိုးဘွားများအတွက် ပါဝါမျက်မှန်များနှင့် အိုင်အိုဒင်းဆားများ ပေးအပ်လှူဒါန်းပြီး အထူးကုဆရာဝန်များက ဒေသခံပြည်သူ ၃၅၅ဦးကို စမ်းသပ်စစ်ဆေး၍ အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်တို့ မေ ၃၀ရက်က ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ကလော့သော့ကျေးရွာနှင့် ရေဝတီတိုင်း နေဖြူမြို့နယ် စံကင်းကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသည့် တိုင်းချင်းဆက်လမ်းကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ဥယျာဉ်တော် ကျေးရွာအုပ်စုအတွင်း ကြက်ဆူပင်များ စိုက်ပျိုးရေးအတွက် ဥယျာဉ်တော်ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကနေဒီက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များသို့ မေ ၂၇ ရက်က ကြက်ဆူပျိုးပင်များ ဖြန့်ဝေပေးအပ်စဉ်။ (၃၁၆)

ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေး ဘုတ်ပြင်းမြို့၌ စုပေါင်းလုပ်ဆောင်

ဘုတ်ပြင်း ဇွန် ၃

ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးကို မေ ၁၉ ရက် နံနက် ၇ နာရီက ဘုတ်ပြင်းမြို့ အခြေခံပညာ အထက်တန်း ကျောင်းဝင်း အတွင်း၌ လုပ်ဆောင်ကြသည်။

အဆိုပါ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်နှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ပြည်သူများ စုပေါင်း လုပ်ဆောင်ကြပြီး ကြက်ဆူပင်များ စိုက်ပျိုးပေးခဲ့ကြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာနမှ မိုးဦးကျရာသီတွင် ဖြစ်ပွားတတ်သည့် ငှက်ဖျား၊ သွေးလွန်တုပ်ကွေး ရောဂါတို့မှ ကင်းဝေးရန် ခြင်ဆေးဖျန်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မော်ကျွန်း၌ ကျင်းပ

မော်လမြိုင်ကျွန်း ဇွန် ၁၇

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၄ ရက် နံနက် ၇ နာရီက မော်လမြိုင်ကျွန်းမြို့ မြောက်ပိုင်းရပ် မော်ကျွန်း-တယ်ချောင်းကျေးရွာသွား လမ်းမကြီးတစ်လျှောက်၌ ကျင်းပသည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်မေထွေးနှင့် အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူထုလူတန်းစားအဖွဲ့အစည်းဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့မရပ်ကွက်များမှ ပြည်သူ ၁၅၅၀ တို့က ယူကလစ်၊ ခရေ၊ ပျဉ်းမဖြူ၊ စိန်ပန်းနှင့် ပျဉ်းကတိုးအပင်ပေါင်း ၃၁၅၀ တို့ကို စုပေါင်းစိုက်ပျိုးကြသည်။ **(ဝဲပုံ)**

ယခုနှစ် သစ်ပင်စိုက်ပျိုးရာသီတွင် မော်လမြိုင်ကျွန်းမြို့နယ် သစ်တောဦးစီးဌာနမှ အရိပ်ရပင်နှင့် ပန်းအလှပင်ပေါင်း နှစ်သောင်းတို့ကို ဇွန် ၁၄ ရက်က တစ်မြို့နယ်လုံးတွင် စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ **(၀၉၇)**

ရွှေကူမြို့မဈေး၌ ယင်မရှိရေးလုပ်ဆောင်

ရွှေကူ ဇွန် ၁၀

ရွှေကူမြို့ မြို့မဈေးအတွင်းရှိ သားငါးရောင်းချသည့် နေရာများ၌ ယင်များ၊ အနံ့ဆိုးများ မရှိစေရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိ ဈေးဖ အဖွဲ့ဝင်များနှင့် ဈေးသူ၊ ဈေးသားများ စုပေါင်းလုပ်ဆောင်ရာသို့ ဇွန် ၃ရက်က အမှုဆောင်အရာရှိ ဦးနေမျိုးနိုင်နှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးမိုးညွှင်းအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(မြို့နယ်စည်ပင်)**

အောင်မြေသာစံမြို့နယ်၌ ချို့တဲ့သောကျောင်းသား ကျောင်းသူများ ပညာသင်ကြားရေးထောက်ပံ့ငွေနှင့် ဗလာစာအုပ်များ လှူဒါန်း

မန္တလေး ဇွန် ၁၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက မန္တလေးတိုင်း အောင်မြေသာစံမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများမှ ချို့တဲ့ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ကြားရန် ထောက်ပံ့ငွေနှင့် မန္တလေး အောင်မြေသာစံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ချို့တဲ့သော ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်များပေးအပ်လှူဒါန်းပွဲကို ဇွန် ၄ ရက်က အမှတ်(၄) အခြေခံပညာ အလယ်တန်းကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်သန်းက မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့ရန်လိုအပ်သော ကျောင်းသားကျောင်းသူများအတွက် ထောက်ပံ့ငွေနှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဗလာစာအုပ်နှင့် ဝတ်စုံပေးအပ်ရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အဋ္ဌမတန်းအတွက် တစ်ဦးလျှင် ငွေကျပ်၁၈၀၀ နှုန်းဖြင့် ၂၁ဦး၊ သတ္တမတန်းအတွက် တစ်ဦးလျှင် ငွေကျပ်၁၇၀၀နှုန်းဖြင့် ၁၈ဦး၊ ပဉ္စမတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀နှုန်းဖြင့် ၁၉ဦးအား လည်းကောင်း၊ ဗလာစာအုပ်များကိုလည်းကောင်း တစ်ဦးချင်းပေးအပ်ကြသည်။ **(အပေါ်ယာပုံ)** အလားတူပင် မြို့နယ်အတွင်းရှိ ကျောင်းများကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက အုပ်စုနှစ်စုခွဲ၍ ထောက်ပံ့ငွေနှင့်ဗလာစာအုပ်များပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၆၂)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ကျွန်းကုန်းကြီးကျေးရွာ ကြို့ပင်ကောက်မြို့နေ အလှူရှင်ဦးဟန်ညွန့်၊ ဒေါ်သိန်းရွှေမိသားစုက အလှူငွေကျပ် တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ငူအကျဉ်းဦးစီး ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့

တောင်ငူ ဇွန် ၁၀

တောင်ငူ အကျဉ်းဦးစီးဌာနရှိ ဝန်ထမ်းသားသမီးများအား ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၃ရက် နံနက်ပိုင်းက တောင်ငူအကျဉ်းဦးစီးဌာန ဧည့်ရိပ်သာ၌ ကျင်းပရာ ပဲခူးတိုင်း ထောင်အုပ်စုညွှန်ကြားရေးမှူး ဦးသိန်းဇော်က အမှာစကား ပြောကြားသည်။ (အောက်ပုံ)

ပေးအပ်

ဆက်လက်၍ တက္ကသိုလ် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းဆင့် ကျောင်းသူ ကျောင်းသား ၅၆ ဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ ငွေကျပ် ၁၁၀၀၀၀ကို တောင်ငူ အကျဉ်းဦးစီးဌာန တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးချစ်ငွေနှင့် ငွေကျပ် တစ်သိန်း ဖိုးခန့် တန်ဖိုးရှိ ကျောင်းသုံး ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို အကျဉ်းဦးစီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲအတွင်းရေးမှူး ဒေါ်လတ်လတ်ထွေးတို့က ပေးအပ်ကြသည်။ **(၃၀၃)**

ပညာ့အလင်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ကျွန်းလှ ဇွန် ၁၀

ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ထန်းပင်ကုန်းကျေးရွာ ပညာ့အလင်း စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၃ရက် နံနက် ၁၀နာရီက အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသိန်းမောင်နှင့် စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အသင်းအတွင်းရေးမှူး ဦးခင်မောင်သန်းက စာကြည့်တိုက်သို့ အလှူငွေကျပ် ၅၀၀၀၀နှင့် အလှူရှင်များက စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်က လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

အန္တရာယ်ကင်းသော မိခင်ဘဝ အသိပညာပေးဟောပြော

ကျောက်မဲ ဇွန် ၁၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးတွင် ဇွန် ၄ ရက် ညနေ ၃ နာရီခွဲက အန္တရာယ်ကင်းသော မိခင်ဘဝ အသိပညာပေးဟောပြောပွဲကျင်းပရာ ကျန်းမာရေးဦးစီးဌာန(ဗဟို)မှ ဒုတိယညွှန်ကြားရေးမှူး(မိခင်ကလေး) ဒေါက်တာသီဂီမြင့်၊ ကျောက်မဲမြို့ ကျောင်းကျန်းမာရေးတာဝန်ခံ ဒေါက်တာခင်စန်းဦး၊ မိခင်ကလေးကျန်းမာရေးဌာနမှ တာဝန်ခံအမျိုးသမီး ကျန်းမာရေးဆရာမ၊ သားဖွားဆရာမများနှင့် ကိုယ်ဝန်ဆောင်မိခင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယညွှန်ကြားရေးမှူး(မိခင်ကလေး) ဒေါက်တာ သီဂီမြင့် **(အောက်ပုံ)**က အန္တရာယ်ကင်းသော မိခင်ဘဝဖြစ်ရေးအတွက် သိကောင်းစရာများကို ဟောပြောပြီး တက်ရောက်လာကြသည့် ကိုယ်ဝန်ဆောင်မိခင်များက မရှင်းလင်းသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျော်ဘွယ်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ပျော်ဘွယ် ဇွန် ၆

ပျော်ဘွယ် မြို့နယ် ပညာရေးဌာနက ကျင်းပသော ၂၀၀၇-၂၀၀၈ ပညာသင်နှစ် မြို့နယ် လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ရက် နံနက် ၁၀ နာရီက အထက(၁) ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရမည်းသင်း ခရိုင် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဦးခိုင်၊ မြို့နယ် ဥက္ကဋ္ဌ ဦးစန်းငွေ၊ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ဦး၊ မြို့နယ် မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မော်မော်သန်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးသိန်းဝင်း၊ မြို့နယ် ပညာရေးမှူး ဦးညီမောင်၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ၊ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီးမြို့နယ်ပညာရေးမှူးက ပညာရေးရာ ကိစ္စရပ်များ ရှင်းလင်း တင်ပြသည်။

ထို့နောက် ကျောင်း အပ်နှံနေမှုများကို ကြည့်ရှု စစ်ဆေးကြသည်။ (၂၅၀)

ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို ဇွန် ၁ရက်က အဆိုပါ မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေကျော်က ကျောင်းသား ကျောင်းသူ ၆၉ဦးအတွက် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၁၈၇၅၀၀ ပေးအပ်ရာ မြို့နယ်ဒုတိယဦးစီးမှူး ဦးဆန်းအောင်ထွေးနှင့် အကြီးတန်းစာရေး ဒေါ်ခင်အုန်းမြင့်တို့က လက်ခံယူစဉ်။ (မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေး)

မြို့နယ် သတင်းများ

မိုးကောင်းမြို့ ဦးဘိုးစောလမ်း ကတ္တရာခင်းရန်လုပ်ဆောင်

မိုးကောင်း ဇွန် ၁၂

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးသည် မိုးကောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇- ၂၀၀၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မိုးကောင်းမြို့တွင်း ဦးဘိုးစောကတ္တရာလမ်း ဖြစ်မြောက်ရေးအတွက် ကျောက်စီခြင်း လုပ်ငန်းများဆောင်ရွက်နေမှုကို ဇွန် ၇ ရက်ကကွင်းဆင်းကြည့်ရှု စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစန်းဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးယဉ်မင်းကျော်တို့က လမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(၄၁၆)**

ရခိုင်ပြည်နယ် မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ဂရင်ဂျိုင်ကိုယ့်အားကိုယ်ကိုး ကျောက်ချောလမ်းကို မေ ၂၇ရက်က အမှုဆောင်အရာရှိ ဦးဘုန်းမောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၃၂၆၄၅ Honda Dream ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၉/မနတ(နိုင်)၀၆၀၀၄၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

MCC Computer
☎ ၂၄၅၅၅၈ / ၂၄၅၅၆၂

International Diploma in Computer Studies(IDCS)
- အခြေခံပညာ အထက်တန်းပြေဆို အောင်မြင်ပြီး နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာ ရယူပိုင်ဆိုင်လိုသူများ၊ IT လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများ တက်ရောက်နိုင်ပါသည်။

International Advanced Diploma in Computer Studies(IADCS)
- ဒုတိယနှစ် အဆင့်မြင့် ဒီပလိုမာ ဖြစ်ပြီး IDCS Diploma နှင့်အလားတူ အရည်အချင်း ရှိသူများ တက်ရောက်နိုင်ပါသည်။
Opening Date:23-6-2007

Bachelor of Computing and Information System(BCIS)
- B.Sc(Hons) ကွန်ပျူတာ ဒီဂရီ ဖြစ်ပြီး IADCS နှင့် အလားတူ အရည်အချင်း ရှိသူများ တက်ရောက်နိုင်ပါသည်။
Opening Date:18-6-2007

Opening Date:25-6-2007(Weekday)/30-6-2007(Weekend)
All NCC Courses (Special Discount for Internal & External Student)

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၁၉၉၂၁၊ ၁ဃ/၃၁၇၀၈ Honda C 90ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးကျော်ထူး ၁၂/ရပသ(နိုင်)၀၄၇၄၁၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၄၈၅၀၈၊ ၁ဃ/၃၃၀၁၁ Honda C 90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်လဲ့ ၉/ပကခ(နိုင်)၀၀၃၂၆၇ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ယ/၇၈၇၉၃၊ ယ/၆၂၁၂၈ Honda C 90ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးသိမ်း မှတ်ပုံတင်အမှတ် ၉/ခမစ(နိုင်)၀၀၁၆၃၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဃ/၃၄၁၉၃၊ ၁ဃ/၁၉၃၇၄ Honda C 90 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းထွန်းစိုး မှတ်ပုံတင်အမှတ် ၉/ခအဇ(နိုင်)၀၂၄၀၁၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့။**

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၄က/၃၆၀၇ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဂျာဘောက် ၁/မကတ(နိုင်)၀၅၄၇၈၉က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနားမြို့)။

အမည်ပြောင်း
အဖ ဦးဇော်လာမောတ် (ခ) ဦးမောင်သိန်း၏သား သင်းပုန်းတန်း အထက အဋ္ဌမတန်း(A)မှ မောင်ယာခုပ်အား မောင်စောမောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်စောမောင်။**

ရောင်းရန်ရှိသည်
အုန်းဆံမျှင် အချောအသန့်များ ရောင်းရန်ရှိသည်။ အသေးစိတ်သိလိုပါက **ဖုန်း ၀၉-၅၁-၅၁၀၂၈ သို့ ဆက်သွယ်ပါ။**

ဝမ်းနည်းကြေကွဲခြင်း
ရဲအုပ်မြတ်ခိုင်
ဌာနစုမှူး၊ မှုခင်းအကူဌာနစု ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး
အသက်(၄၁)နှစ်
အချစ်ဆုံးသူငယ်ချင်း ရဲအုပ်မြတ်ခိုင်သည် ၁၈-၆-၂၀၀၇ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။
တပ်တွင်း ဒုရဲအုပ်လောင်းအမှတ်စဉ်(၁၇/၉၂) ကျောင်းဆင်းဖက် သူငယ်ချင်းများ။

ရန်ကုန်တိုင်း လှိုင်မြို့နယ် ရတနာမွန် ၅လမ်း အေးရိပ်မွန် အမှတ်(၁)နေဦးကျော်ကျော်ဦး - ဒေါ်မိုမို့ (ကျော်စက်ပစ္စည်းရောင်းဝယ်ရေး)တို့၏ သမီး ရှင်းရည်မွန် (၁၁)နှစ်မြောက်မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်း တော် ကြီး အတွက် အလှူငွေကျပ် ၁၁၁၀၀၀ကို ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက မော်ကျွန်းဆရာတော် ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့)ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။(က-ပ)

ပင်မရေထုတ်မြောင်း စုပေါင်းတူးဖော်

ဟသ်ာတ ဇွန် ၁၇

ဟသ်ာတမြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပင်မရေထုတ်မြောင်း ငါးခု စုစုပေါင်းအရှည်ပေ ၁၇၅၀၀ နှင့် လမ်းဖြတ်ကုန်းပေါက် ၃၄ ခုကို ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်သူများနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်း၍ ဇွန်၁၄ရက်တွင် တူးဖော်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မော်တော်ယာဉ်ဖြင့် သယ်ယူစွန့်ပစ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ဧကေ ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် လယ်ဝေးမြို့ အမှတ်(၆)နေ မိခင်ကြီးဒေါ်လှတင်အား ရည်စူး၍ ဦးမောင်မောင်တာ-ဒေါ်မာမာတင် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် နယ်လှည့်သာသနာပြု အရှင်အာစိဏ္ဏထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ဆောင်

မူဆယ် ဇွန် ၅

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၂)ဈေးအတွင်းနှင့် ဈေးအနီးရှိ ဆိုင်များကို မေ ၂၂ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဒုတိယဦးစီးမှူး(ဈေး) ဦးအောင်မြတ်ထွန်း၊ ကျန်းမာရေးမှူး(၂) ဦးနွေလွန်ဦးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်ရွှေမုံတို့သည် ဝမ်းပျက်ဝမ်းလျှော ရောဂါကြိုတင်ကာကွယ်ရေးစီမံချက်အနေဖြင့် သစ်သီးဆိုင်များတွင် အမှည့်လွန်အသီးများ ရောင်းချမှုမရှိစေရေး၊ ကုန်စုံဆိုင်များတွင် သက်တမ်းကုန်ဆုံးနေသော စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေးနှင့် စားသောက်ဆိုင်များ သန့်ရှင်းသပ်ရပ်စွာ ရောင်းချမှုရှိမရှိ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပငကျေးရွာနေ (ဦးထိမ်)-ဒေါ်ပင့်သား ဦးချိန်-ဒေါ်မြစိန်မိသားစုတို့က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် ဘုရားငါးဆူ ပငကျောင်းမွမ်းမံတည်ဆောက်ရန်အတွက် အလှူငွေကျပ် ၆၂သိန်းကို ကျောင်းအကျိုးတော်ဆောင်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မကွေးတိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်း

မကွေး ဇွန် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမတွင် မေ ၄ရက်ကကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ မှာကြားချက်ကို မကွေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းကလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ မှာကြားချက်များကို မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးတင်မောင်လွင်ကလည်းကောင်း ထပ်ဆင့်ရှင်းလင်းသည်။

ယင်းနောက် ၂၀၀၈ခုနှစ် လုပ်ငန်းတာဝန်ကိုးရပ်အောင်မြင်ရေးနှင့် ၂၀၀၇-၂၀၀၈ခုနှစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးလုပ်ငန်းစီမံချက်နှင့်အညီ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြသည်။ အခမ်းအနားသို့ မကွေးတိုင်းရှိ ခရိုင်ငါးခရိုင်မှ ခရိုင်ဦးစီးအရာရှိများ၊ ဒုတိယဦးစီးမှူးများနှင့် ခရိုင်ဝန်ထမ်းများ တက်ရောက်ကြသည်။ (ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ စတုပစ္စယငွေပဒေသာပင်အတွက် တောင်ဥက္ကလာပမြို့နယ် မြင်သာ ၁၄/၂ရပ်ကွက် ကျေးတမာလမ်း အမှတ် ၁၇/၂နေ ဦးသန်းထွန်း(ခ)ဦးတီး-ဒေါ်မြမြဝင်း မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို အဏ္ဏဝါဓမ္မာရုံ ၁၄/ခ ကြားတောရလမ်း ဗဟန်းတွင် ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ အဏ္ဏဝါဦးသန်းအောင်က လက်ခံယူစဉ်။ (က-ပ)

ဆန်းစာကြည့်တိုက်တွင် စာဖတ်ပွဲကျင်းပ

ပူတာအို ဇွန် ၁၀

ပူတာအိုမြို့နယ် ဆာရဲခွမ်းကျေးရွာအနီး ဆန်းကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် မေ ၂၇ ရက်ညနေပိုင်းက စာဖတ်ပွဲကျင်းပသည်။

ရည်ရွယ်ချက်

အခမ်းအနားတွင် ပူတာအိုမြို့နယ် ဦးစီးမှူး ဦးခင်ဆန်ခင်က စာကြည့်တိုက် ရေရှည်တည်တံ့ရေးနှင့် အကျိုးသက်ရောက်မှုကို ရှင်းလင်းပြီး နောင်မွန်မြို့နယ် ဦးစီးမှူး ဦးဖုန်ဇီးဒီးက စာဖတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းသည်။

တက်ရောက်

အခမ်းအနားသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအသင်းဝင်များနှင့် ရွာသူ ရွာသားများ တက်ရောက်ကြောင်း သိရသည်။

(အောက်ပုံ)(ခရိုင် ပြန်/ဆက်)

တိုင်းမှူး ဗိုလ်ချုပ်ကိုကို ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေးမှာကြားပြီး လုပ်ငန်းများ ဖြည့်ဆည်းပေး

နေပြည်တော် ဇွန် ၂၁

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုသည် တိုင်းအတွင်းရေးမှူး ဦးဖေသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၃ ရက် နံနက်ပိုင်းက ညောင်လေးပင်မြို့နယ် မိုင်တိုင် (၁၀၀/၄)မိုင်ရှိ လိန်ပင်ချောင်းအား တူးဖော်ချဲ့ထွင်၍ ရေစီးရေလာကောင်းမွန်မှုအခြေအနေအား ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မိုင်တိုင်အမှတ်(၉၁)မိုင်ရှိ ရဲနွယ်ချောင်း တံတားသို့ ရောက်ရှိ၍ ရဲနွယ်ချောင်း ရေစီးရေလာကောင်းမွန်မှု အခြေအနေနှင့် တံတားကြံ့ခိုင်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် ကျူချောင်းအနောက်အုပ်စုကျေးရွာ အနီးတွင် ဒေသအတွင်း ရေလွှမ်းမိုးမှုမှ ကာကွယ်ရေးနှင့် စိုက်ပျိုးမြေ ဖော်ထုတ်ရေးအတွက် လိန်ပင်ချောင်းအား စက်ယန္တရားကြီးများဖြင့် တူးဖော်ချဲ့ထွင်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ဒေသခံ တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ဒေသ၏ စိုက်ပျိုးရေးဆိုင်ရာများ ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ညောင်လေးပင်မြို့နယ် ရပ်ကွက်(၄)အနီးရှိ ဝါးပတော ချောင်းလက်တက်တစ်ခုဖြစ်သော အုန်းထုံးရုံးတံတားသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား ဒေသအတွင်း ရေကြီးရေလွှမ်းမိုးမှု မရှိစေရေးဆောင်ရွက်ရမည့် လုပ်ငန်းရပ်များအား မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

စာမျက်နှာ ၉ ကော်လံ ၁ *

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကို လည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

NLD ပါတီသည် အာဏာရရှိရေးကိုသာ ရှေ့တန်းတင်ပြီး အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ပစ်ပယ်၍ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးအောင်ရှေးရှုလုပ်ဆောင် ဝါးခယ်မမြို့နယ်မှ ပါတီဝင် ၄၀ စုပေါင်းနုတ်ထွက်

ရန်ကုန် ဇွန် ၂၁

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဖိုးငို၊ ဦးဖိုးနီနှင့် ဦးချစ်ဝင်းတို့အပါအဝင် ပါတီဝင် ၄၀ တို့သည် ဇွန် ၁၄ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စိတ်ပျက်လာ

ဝါးခယ်မမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီသည် အာဏာရရှိရေးကိုသာ ရှေ့တန်းတင်လုပ်ဆောင်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ပစ်ပယ်၍ နိုင်ငံနှင့်လူမျိုးအကျိုး ပျက်စီးရာပျက်စီးကြောင်း ရှေးရှုလုပ်ဆောင်နေခြင်းကြောင့် NLD ပါတီအပေါ် စိတ်ပျက်လာပြီး NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)

လေဖိအားနည်းရပ်ဝန်းကြောင့် မုန်တိုင်းငယ်ဖြစ်ပေါ် အိန္ဒိယနိုင်ငံ အနောက်မြောက်ဘက်သို့ ရွေ့လျား

နေပြည်တော် ဇွန် ၂၁

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့ အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းသို့ ရောက်ရှိခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါမုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ ဗီဇာကာပတ္တနမ်မြို့၏ တောင်–အရှေ့တောင်ဘက်မိုင် ၁၆၀ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားမည်ဟု ခန့်မှန်းရသည်။ အဆိုပါ မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ အန်ဒရာပရာဒက်ရှ် ကမ်းခြေကို ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ဖြတ်ကျော်ဝင်ရောက်မည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာသည်။

(သတင်းစဉ်)

“မြန်မာတိုက်ကွမ်ဒို အားကစားသမားတွေ ကြိုးစားမှုရှိကြတယ်”

တောင်ကိုရီးယားနည်းပြ ယူအင်ချို

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်များရရှိရေး မြန်မာတိုက်ကွမ်ဒိုအားကစားသမားများ အပြင်းအထန်လေ့ကျင့်နေ

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၁

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး လာမည့် ဒီဇင်ဘာလ၌ ကျင်းပတော့မည်ဖြစ်သည်။ အရှေ့တောင်အာရှ အားကစား ပြိုင်ပွဲ၌ မြန်မာအားကစားသမားများ ရွှေတံဆိပ်ဆွတ်ခူးနိုင်ရေး ကြိုးစား လေ့ကျင့်နေကြပြီဖြစ်သည်။

ရောက်ရှိ

ထိုသို့ အမြင့်ဆုံးရွှေတံဆိပ်ဆုများ ရယူနိုင်ရေးအတွက် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်နေသော မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအားကစားသမားများလေ့ကျင့်ရာ ရန်ကုန်မြို့ အောင်ဆန်းအားကစားကွင်းရှိ တိုက်ကွမ်ဒိုလေ့ကျင့်ရေးခန်းမသို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိခဲ့သည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဆင်နွှဲရန် ပဏာမရွေးချယ်ထားသော တိုက်ကွမ်ဒိုအားကစားသမားများ ဤသို့လေ့ကျင့်လျက်ရှိကြသည်။

22-6 (20) 1 6/21/07, 1:23 PM